မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂ ] ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက် ( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက် ) } သောကြာနေ့ [ အတွဲ ၇၀

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၉၄/၂၀၁၆**

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်

( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံ ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၉၅/၂၀၁၆**

၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက် )

**ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၉/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သော **"ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ"** တွင် မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေး ကို အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၁၁၅/၂၀၁၆**

၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်

( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက် )

**မြန်မာနိုင်ငံတွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး ဦးဆောင်ကော်မတီ (Myanmar Extractive Industries Transparency Initiative Leading Committee) ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် တွင်းထွက်သယံဇာတအရင်းအမြစ်များ ပိုမိုကောင်းမွန်စွာစီမံအုပ်ချုပ်နိုင်စေရန်လည်းကောင်း၊ ပွင့်လင်းမြင်သာ၍ တာဝန်ခံမှုရှိသောရင်းနှီးမြှုပ်နှံမှုဝန်းကျင်ဖန်တီးပြီး အရည်အသွေးမြင့်မားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်ရန်လည်းကောင်း၊ တွင်းထွက်သယံဇာတကဏ္ဍမှရရှိသော အခွန်ဘဏ္ဍာငွေများနှင့် လုပ်ငန်းများအား ပွင့်လင်းမြင်သာစွာအများပြည်သူသို့ အသိပေးရန်လည်းကောင်း၊ တွင်းထွက်သယံဇာတနှင့်ဆက်စပ်သောအခွန်အခစနစ်များ၊ ပြည်သူ့ဘဏ္ဍာစီမံအုပ်ချုပ်မှုစနစ် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များပိုမိုအားကောင်းစေရန်လည်းကောင်း တွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ခြင်းကိစ္စရပ်များကို နိုင်ငံတော်ကိုယ်စား ဦးစီးဆောင်ရွက်နိုင်ရန်အတွက် "မြန်မာနိုင်ငံ တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး ဦးဆောင်ကော်မတီ (Myanmar Extractive Industries Transparency Initiative Leading Committee)" ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ မြန်မာနိုင်ငံ တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) တွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများသည် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် လက်တွေ့အကျိုးရှိပြီး ပြည်သူများအတွက် ရေရှည်တည်တံ့မည့်ဖွံ့ဖြိုးရေးကိုရှေးရှုသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို သတ်မှတ်ခြင်း၊

(ခ) တွင်းထွက်သယံဇာတကဏ္ဍ ပိုမိုကောင်းမွန်စွာ စီမံအုပ်ချုပ်နိုင်ရေးအတွက် လုပ်ငန်းစဉ်များချမှတ်ပြီး အကောင်အထည်ဖော်ရန်အလို့ငှာ လိုအပ်သည့်လုပ်ငန်းကော်မတီကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဂ) နိုင်ငံတကာ EITI အဖွဲ့မှ သတ်မှတ်ပြဋ္ဌာန်းထားသော တွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ခြင်းလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးစံနှုန်းကို အကောင်အထည်ဖော်နိုင်ရေးအတွက် အစိုးရကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍ ကိုယ်စားလှယ်များနှင့် အရပ်ဘက်

အဖွဲ့အစည်းကိုယ်စားလှယ်များပါဝင်သော သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (Myanmar EITI Multi-stakeholder Group-MEITI-MSG) ကို ဖွဲ့စည်းခြင်းနှင့် ထိုသုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (MEITI-MSG) ကို ဦးဆောင်မည့်ဥက္ကဋ္ဌနှင့် လုပ်ငန်းစဉ်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မည့် ညှိနှိုင်းရေးတာဝန်ခံ (Coordinator) အဖြစ် Renaissance Institute ခန့်အပ်တာဝန်ပေးခြင်း၊

(ဃ) မြန်မာနိုင်ငံကို EITI အဖွဲ့ဝင်လောင်းနိုင်ငံ (Candidate Country) အဆင့်မှ EITI တင်းပြည့်အဖွဲ့ဝင်နိုင်ငံ (Compliant Country) ဖြစ်စေရေးအတွက် လိုအပ်သည့် လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၁၆)

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်
( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက် )

**တရားခံလွှဲပြောင်းရေး ဥပဒေကြမ်းထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **တရားခံလွှဲပြောင်းရေး ဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး

## တရားခံလွှဲပြောင်းရေးဥပဒေ (မူကြမ်း)

## (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၈ ခုနှစ်၊ လ ရက်
(၂၀၁၆ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တရားခံလွှဲပြောင်းရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် နိုင်ငံတော်နှင့် တရားခံလွှဲပြောင်းရေးဆိုင်ရာ နှစ်နိုင်ငံသဘောတူစာချုပ် ချုပ်ဆိုထားသည့် နိုင်ငံနှင့်ဖြစ်စေ၊ မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်သော တရားခံလွှဲပြောင်းရေးကိစ္စနှင့်သက်ဆိုင်သည့် ဒေသဆိုင်ရာ သဘောတူစာချုပ်ဝင်နိုင်ငံနှင့်ဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံနှင့်ဖြစ်စေ၊ ယင်းစာချုပ်မရှိစေကာမူ တရားခံလွှဲပြောင်းရေးကို တောင်းဆိုသည့်နိုင်ငံနှင့် အပြန်အလှန်သဘောတူညီချက်ရရှိပြီးနောက် ယင်းနိုင်ငံနှင့်ဖြစ်စေ တရားခံလွှဲပြောင်းရေးနှင့်သက်ဆိုင်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **တရားခံလွှဲပြောင်းရေး** ဆိုသည်မှာ တောင်းဆိုသည့်နိုင်ငံ၏ စီရင်ပိုင်ခွင့်ရှိသည့် ပိုင်နက်နယ်မြေအတွင်း တရားခံလွှဲပြောင်းပေးနိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ပြီး အခြားနိုင်ငံတစ်နိုင်ငံအတွင်း ထွက်ပြေးတိမ်းရှောင်နေသူကိုဖြစ်စေ၊ ဖမ်းဆီးထားခြင်းခံရသူကို ဖြစ်စေ၊ တရားစွဲဆိုခြင်းခံရသူကိုဖြစ်စေ တောင်းဆိုသည့်နိုင်ငံက ထိုသူအပေါ် ယင်းပြစ်မှုဖြင့် တရားစွဲဆိုရန် သို့မဟုတ် ပြစ်ဒဏ်ချမှတ်ရန် သို့မဟုတ် ပြစ်ဒဏ်အတည်ပြုရန် တောင်းဆိုသည့်အခါ လွှဲပြောင်းပေးခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံတော်ထံသို့ အခြားနိုင်ငံတစ်ခုက တရားခံလွှဲပြောင်းရန် တောင်းဆိုခြင်းနှင့် နိုင်ငံတော်က အခြားနိုင်ငံတစ်ခုသို့ တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်းတို့ ပါဝင်သည်။

(ဂ) **တရားခံလွှဲပြောင်းပေးနိုင်သည့်ပြစ်မှု** ဆိုသည်မှာ တရားခံလွှဲပြောင်းရေးတောင်းဆိုသည့်အချိန်တွင် နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်အရလည်းကောင်း၊ တောင်းဆိုသည့်နိုင်ငံ၏ ဥပဒေတစ်ရပ်ရပ်အရလည်းကောင်း ထောင်ဒဏ် ၂ (နှစ်) နှစ်နှင့်အထက် ပြစ်ဒဏ်ချမှတ်နိုင်သော ပြစ်မှုကို ဆိုသည်။

(ဃ) **ခုံအဖွဲ့** ဆိုသည်မှာ တရားခံလွှဲပြောင်းရေးနှင့်စပ်လျဉ်း၍ တောင်းဆိုခြင်းခံရသူ၏ ခုခံချေပခွင့်ကို ကြားနာရန်အလို့ငှာ ဤဥပဒေနှင့်အညီ ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(င) **တောင်းဆိုခြင်းခံရသူ** ဆိုသည်မှာ တောင်းဆိုသည့်နိုင်ငံက တရားခံလွှဲပြောင်းပေးရန် သို့မဟုတ် ဖမ်းဆီးချုပ်နှောင်ရန် နိုင်ငံတစ်နိုင်ငံထံသို့ တောင်းဆိုမှုတင်သွင်းတောင်းဆိုခြင်းခံရသူကို ဆိုသည်။

(စ) **တောင်းဆိုသည့်နိုင်ငံ** ဆိုသည်မှာ ဤဥပဒေအရ တောင်းဆိုခြင်းခံရသူအား လွှဲပြောင်းရန် သို့မဟုတ် ယင်းရည်ရွယ်ချက်အရ ဖမ်းဆီးချုပ်နှောင်ပေးရန် တောင်းဆိုသော မည်သည့်နိုင်ငံကို မဆို ဆိုသည်။

(ဆ) **လွှဲပြောင်းပေးခြင်းခံရသူ** ဆိုသည်မှာ လွှဲပြောင်းပေးသောနိုင်ငံမှ တောင်းဆိုသောနိုင်ငံသို့ လွှဲပြောင်းပေးခြင်းခံရသူကို ဆိုသည်။ ယင်းစကားရပ်၌ အခြားနိုင်ငံနှစ်နိုင်ငံ တရားခံလွှဲပြောင်းရေးဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ပိုင်နက်နယ်မြေကို ဖြတ်သန်းရသည့် အခြေအနေဖြစ်ပေါ်ပါက ယင်းလွှဲပြောင်းပေးခြင်းခံရသူလည်း ပါဝင်သည်။

(ဇ) **လွှဲပြောင်းပေးသောနိုင်ငံ** ဆိုသည်မှာ တောင်းဆိုခြင်းခံရသူအား တောင်းဆိုသည့်နိုင်ငံသို့ တရားခံလွှဲပြောင်းပေးသည့်နိုင်ငံကို ဆိုသည်။ ယင်းစကားရပ်၌ အခြားနိုင်ငံနှစ်နိုင်ငံ တရားခံလွှဲပြောင်းရေးဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ပိုင်နက်နယ်မြေကို ဖြတ်သန်းရသည့် အခြေအနေဖြစ်ပေါ်ပါက ယင်းတရားခံကို လွှဲပြောင်းပေးသောနိုင်ငံလည်း ပါဝင်သည်။

(ဈ) **တရားခံလွှဲပြောင်းရေးစာချုပ်** ဆိုသည်မှာ တရားခံလွှဲပြောင်းပေးရန် နိုင်ငံတော်နှင့် အခြားနိုင်ငံတစ်နိုင်ငံ ချုပ်ဆိုသည့်စာချုပ် သို့မဟုတ် နိုင်ငံတော်နှင့် ယင်းအခြားနိုင်ငံတစ်နိုင်ငံတို့ စာချုပ်ဝင်များအဖြစ်ပါဝင်သည့် နိုင်ငံများအကြား ချုပ်ဆိုထားသည့်စာချုပ်ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသော တရားခံလွှဲပြောင်းရေး စာချုပ်များအရဖြစ်စေ၊ တရားခံလွှဲပြောင်းရေးနှင့်သက်ဆိုင်သည့် သဘောတူစာချုပ်များအရဖြစ်စေ၊ တရားခံလွှဲပြောင်းရေးကို တောင်းဆိုသည့်နိုင်ငံနှင့် အပြန်အလှန်သဘောတူညီချက်အရဖြစ်စေ တရားခံ လွှဲပြောင်းရေး လုပ်ငန်း ဆောင်ရွက်နိုင်ရန်၊

(ခ) နိုင်ငံဖြတ်ကျော်မှုခင်းများအား ထိရောက်စွာ တိုက်ဖျက်နိုင်ရန်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရန်၊

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အခွင့်အရေးများနှင့် အကျိုးစီးပွားများကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရန်။

## အခန်း (၃)
## တရားခံလွှဲပြောင်းရေးဆိုင်ရာ အခြေခံမူများ

၅။ တောင်းဆိုသည့်နိုင်ငံက နိုင်ငံတော်သို့ တရားခံလွှဲပြောင်းပေးရန် တောင်းဆိုချက်သည် အောက်ပါ အခြေခံမူများနှင့် ကိုက်ညီရမည်-

(က) တောင်းဆိုခြင်းခံရသူ ကျူးလွန်သည့်ပြစ်မှုသည် နိုင်ငံတော်နှင့် တောင်းဆိုသည့် နိုင်ငံနှစ်နိုင်ငံ၏ ဥပဒေများတွင် ထောင်ဒဏ် ၂ (နှစ်) နှစ်နှင့်အထက် ပြစ်ဒဏ်ချမှတ်နိုင်သည့် ပြစ်မှုအဖြစ် သတ်မှတ်ပြဋ္ဌာန်းထားခြင်း၊

(ခ) တောင်းဆိုခြင်းခံရသူသည် အခြားပြစ်မှုတစ်ရပ်အတွက် ထောင်ဒဏ်ချမှတ်ခြင်းခံရပြီးဖြစ်ပါက ထိုထောင်ဒဏ်ကို ကျခံပြီးဖြစ်ခြင်း။

၆။ နိုင်ငံတော်သည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် တရားခံလွှဲပြောင်းရေးတောင်းဆိုချက်ကို ငြင်းပယ်ရမည် -

(က) တောင်းဆိုခြင်းခံရသူသည် နိုင်ငံတော်၏ တည်ဆဲဥပဒေအရ နိုင်ငံသားဖြစ်ခြင်း၊

(ခ) တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်းပြုသည့်ပြစ်မှုသည် နိုင်ငံတော်၏ တပ်မတော်အက်ဥပဒေအရ ပြစ်မှုဖြစ်ခြင်း၊

(ဂ) တောင်းဆိုခြင်းခံရသူအပေါ် တောင်းဆိုခြင်းပြုသည့် ပြစ်မှုနှင့်ပတ်သက်၍ နိုင်ငံတစ်နိုင်ငံ၏ တရားရုံးတစ်ခုခုက အပြီးသတ်စီရင်ချက်ချမှတ်ခဲ့ပြီး ထိုသူ့အပေါ် ပြစ်ဒဏ်အတည်ပြုခဲ့ပြီး ဖြစ်ခြင်း သို့မဟုတ် ယင်းပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့် ရရှိခဲ့ပြီးဖြစ်ခြင်း၊

(ဃ) တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်းသည် တောင်းဆိုခြင်းခံရသူ၏ လူမျိုး၊ ကိုးကွယ်သည့် ဘာသာ၊ နိုင်ငံသားဖြစ်မှု၊ နိုင်ငံရေးဆိုင်ရာ ထင်မြင်ယူဆချက်ကြောင့် ယင်းကို တရားစွဲ အရေးယူရန် သို့မဟုတ် အပြစ်ပေးရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်သည်ဟု ယုံကြည်ရန် အကြောင်းရှိခြင်း၊

(င) တောင်းဆိုခြင်းခံရသူသည် တောင်းဆိုသည့် နိုင်ငံတွင် တရားမျှတမှုမရှိသည့် ကြားနာ စစ်ဆေးခြင်းဖြင့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်ဟု ယုံကြည်ရန် အကြောင်းရှိခြင်း၊

(စ) နိုင်ငံရေးသဘောသဘာဝရှိသော ပြစ်မှုများဖြစ်ခြင်း၊ သို့ရာတွင် နောက်ဆက်တွဲဇယား (က) တွင် ဖော်ပြထားသော ပြစ်မှုများအား နိုင်ငံရေးသဘောသဘာဝရှိသော ပြစ်မှုဟု မမှတ်ယူရ၊

(ဆ) တောင်းဆိုသည့် ပြစ်မှုတစ်ရပ်လုံးကိုဖြစ်စေ၊ ပြစ်မှု၏ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ နိုင်ငံတော်၏ ပိုင်နက်နယ်မြေတွင် ကျူးလွန်ခြင်း၊

(ဇ) တောင်းဆိုခြင်းခံရသည့် ပြစ်မှုမတိုင်မီ ကျူးလွန်ခဲ့သည့် ပြစ်မှုများနှင့်စပ်လျဉ်း၍ တတိယ နိုင်ငံတစ်နိုင်ငံသို့ တောင်းဆိုခြင်းခံရသူကို လွှဲပြောင်းပေးရန် ရည်ရွယ်ချက်ဖြင့် တောင်းခံသည်ဟု ယုံကြည်ရန် အကြောင်းရှိခြင်း၊

(ဈ) တောင်းဆိုခြင်းခံရသူသည် တောင်းဆိုသည့်နိုင်ငံတွင် ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူသားချင်း စာနာထောက်ထားမှုမရှိခြင်း၊ ရက်စက်ခြင်း၊ မတရားပြုခြင်းများခံရမည်ဟု ယုံကြည်ရန်အကြောင်းရှိခြင်း။

## အခန်း (၄)
## တရားခံလွှဲပြောင်းပေးရန် နိုင်ငံတော်ထံသို့ တောင်းဆိုခြင်း

၇။ တောင်းဆိုသည့်နိုင်ငံသည် တရားခံလွှဲပြောင်းပေးရန် တောင်းဆိုချက်တစ်ရပ်ကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သံတမန်နည်းလမ်းဖြင့် တင်သွင်းရမည်။ တရားခံလွှဲပြောင်းပေးရန် တောင်းဆိုချက်တစ်ရပ်တွင် အောက်ပါအချက်အလက်များအား မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ရေးသားဖော်ပြရမည် -

(က) တောင်းဆိုခြင်းခံရသူ၏ ကိုယ်ရေးအချက်အလက်များ (အမည်၊) ကိုယ်ပုံသဏ္ဌာန်၊ နိုင်ငံသား၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၊ မျိုးရိုး ဗီဇလက္ခဏာဆောင် ဓာတုပစ္စည်းနှင့် လက်ဗွေ) အစရှိသည်တို့ အပါအဝင်၊

(ခ) ပထမ သတင်းပေးတိုင်ချက်အမှတ် သို့မဟုတ် တရားရုံးအမှုအမှတ်နှင့် အမှုဖြစ်စဉ် အကျဉ်းချုပ်၊

(ဂ) စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းအတွက် လိုအပ်သောစာရွက်စာတမ်း သက်သေခံချက်၊ ဖမ်းဝရမ်းမူရင်း သို့မဟုတ် မိတ္တူမှန်၊

(ဃ) ပြစ်မှုနှင့်ပတ်သက်၍ တောင်းဆိုသောနိုင်ငံ၏ စီရင်ပိုင်ခွင့်အာဏာကို ဖော်ပြသည့် သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊

(င) တောင်းဆိုခြင်းခံရသူသည် နိုင်ငံတော်အတွင်း ရောက်ရှိနေသည်ဟု တောင်းဆိုသည့် နိုင်ငံက ယုံကြည်ရသည့်အကြောင်းရင်းနှင့် အထောက်အထားများ၊

(စ) တောင်းဆိုသည့်နိုင်ငံ၏ ဆက်သွယ်ဆောင်ရွက်ရမည့် ဌာန၊ လူပုဂ္ဂိုလ်၏ အမည်နှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊

(ဆ) ဤဥပဒေနောက်ဆက်တွဲတွင်ဖော်ပြထားသည့် ပုံစံ (၁) နှင့် ပုံစံ (၂) တွင်ပါရှိသော အချက်အလက်များ။

၈။ နိုင်ငံခြားရေးဝန်ကြီးဌာနသည် သံတမန်နည်းလမ်းဖြင့် ရရှိသည့် တရားခံလွှဲပြောင်းရေးတောင်းဆိုချက်ကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ဆောလျင်စွာပေးပို့ရမည်။

၉။ ပြည်ထဲရေးဝန်ကြီးဌာနသည် -

(က) တရားခံလွှဲပြောင်းရေးတောင်းဆိုချက်အား ပုဒ်မ ၇ ပါ ဖော်ပြချက်များနှင့် ညီ မညီ ဆောလျင်စွာ တိုက်ဆိုင်စိစစ်ပြီး လိုအပ်ချက်ရှိပါက ပြီးပြည့်စုံစွာဆောင်ရွက်နိုင်ရန်အတွက် တောင်းဆိုသည့်နိုင်ငံသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပြန်လည်ပေးပို့ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ပြန်လည်ပေးပို့သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း တောင်းဆိုသည့်နိုင်ငံက ပြီးပြည့်စုံစွာ ပြန်လည်ပေးပို့ခြင်းမရှိပါက ယင်းတောင်းဆိုချက်ကို ပိတ်သိမ်းကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာတောင်းဆိုသည့်နိုင်ငံသို့ အကြောင်းပြန်ကြားရမည်။

၁၀။ ပြည်ထဲရေးဝန်ကြီးဌာနသည် နှစ်နိုင်ငံ သို့မဟုတ် ယင်းထက်ပိုသော နိုင်ငံများက တရားခံလွှဲပြောင်းရန် တောင်းဆိုသည့်အခါ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆွေးနွေးညှိနှိုင်းလျက် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစား၍ မည်သည့်တောင်းဆိုချက်ကို ခွင့်ပြုမည်ဖြစ်ကြောင်း ဆုံးဖြတ်ရမည် -

(က) တည်ဆဲ သဘောတူစာချုပ်ပါ တာဝန်များ၊

(ခ) ပြစ်မှုကျူးလွန်သည့် နေရာနှင့်အချိန်၊

(ဂ) တောင်းဆိုချက်များကို ရရှိသည့် အချိန်အပိုင်းအခြား၊

(ဃ) တောင်းဆိုခြင်းခံရသူနှင့် ယင်းပြစ်မှုကြောင့် နစ်နာသူများ၏ နိုင်ငံသားဖြစ်မှု၊

(င) တောင်းဆိုခြင်းခံရသူနှင့် ယင်းပြစ်မှုကြောင့် နစ်နာသူများ၏ အမြဲတမ်းနေရပ်လိပ်စာ၊

(စ) မိမိနိုင်ငံဘက်မှ လွှဲပြောင်းပေးအပ်ခဲ့သည့် တောင်းဆိုခြင်းခံရသူအား ပြန်လည်လွှဲပြောင်း ရယူရန် အခြေအနေ ရှိ မရှိ၊

(ဆ) ပြစ်မှုတစ်ရပ်ဖြင့် တရားစွဲဆိုရန် သို့မဟုတ် ပြစ်ဒဏ်ချမှတ်ရန် သို့မဟုတ် ချမှတ်ထားသည့် ပြစ်ဒဏ်ကို အတည်ပြုရန် စသည့် တရားခံလွှဲပြောင်းရန် တောင်းဆိုခြင်း ရည်ရွယ်ချက်၊

(ဇ) ပြစ်မှု၏ အရေးပါမှု။

၁၁။ ပြည်ထဲရေးဝန်ကြီးဌာနသည် ပုဒ်မ ၅၊ ၆ နှင့် ၁၀ ပါပြဋ္ဌာန်းချက်နှင့်အညီ စိစစ်ပြီးနောက် တရားခံလွှဲပြောင်းရေးတောင်းဆိုချက်ကို နိုင်ငံတော်မှ ငြင်းပယ်ခြင်း သို့မဟုတ် ကြားနာဆောင်ရွက်ခြင်းတို့ပြုနိုင်ရန် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဥပဒေအကြံပြုချက်ရယူ၍ မိမိဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့်အတူ နိုင်ငံတော်သမ္မတထံသို့ ဆက်လက်တင်ပြပြီး အတည်ပြုချက်ရယူရမည်။

၁၂။ ပြည်ထဲရေးဝန်ကြီးဌာနသည် ပုဒ်မ ၁၁ နှင့်အညီ ဆောင်ရွက်ပြီး နိုင်ငံတော်သမ္မတ၏ အတည်ပြုချက် ရရှိလျှင် တရားခံလွှဲပြောင်းရေးတောင်းဆိုချက်နှင့်စပ်လျဉ်း၍ ငြင်းပယ်ကြောင်းဆုံးဖြတ်ချက်ကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် တောင်းဆိုသည့်နိုင်ငံသို့ ဆောလျင်စွာပြန်ကြားရမည်။

၁၃။ ပြည်ထဲရေးဝန်ကြီးဌာနသည် တရားခံလွှဲပြောင်းရေးနှင့်စပ်လျဉ်း၍ ကြားနာဆောင်ရွက်ရန် နိုင်ငံတော်သမ္မတ၏ အတည်ပြုချက်ရရှိသည့်အခါ ခုံအဖွဲ့ ဖွဲ့စည်းပေးနိုင်ရန်အလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ မိတ္တူပေးပို့ရမည်။

## အခန်း (၅)
## ခုံအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏လုပ်ငန်းတာဝန်များ

၁၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) တရားခံလွှဲပြောင်းရေးကိစ္စရပ်များ ကြားနာရန်အလို့ငှာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ သင့်လျော်သည့်နိုင်ငံသား (၄) ဦး အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်စေလျက် အဖွဲ့ဝင် (၅) ဦးဖြင့် ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ခ) ခုံအဖွဲ့ ဖွဲ့စည်းပြီးကြောင်းကို ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ အကြောင်းကြားရမည်။

(ဂ) ခုံအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၅။ ခုံအဖွဲ့သည် -

(က) တောင်းဆိုသည့်နိုင်ငံက ပေးပို့သော တရားခံလွှဲပြောင်းရေးဆိုင်ရာ တောင်းဆိုသည့်အမှုတွဲကို စိစစ်ပြီး ယင်းအမှုတွဲတွင် လိုအပ်ချက်တွေ့ရှိပါက အဆိုပါလိုအပ်ချက်များအား ပြည့်စုံစွာ ရရှိရေး ဆောင်ရွက်ပေးရန် ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အကြောင်းကြားရမည်။

(ခ) တရားခံလွှဲပြောင်းရေးဆိုင်ရာ တောင်းဆိုသည့်အမှုအား ကြားနာစဉ်အတွင်း အမှုနှင့် စပ်လျဉ်းသည့် အထောက်အထားများ ထပ်မံလိုအပ်ပါက တောင်းခံဆောင်ရွက်ပေးရန် ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အကြောင်းကြားရမည်။

(ဂ) တရားခံလွှဲပြောင်းရေးဆိုင်ရာ ကြားနာမှုကို ဆောင်ရွက်ရန်အလို့ငှာ တောင်းဆိုခြင်းခံရသူအား မိမိအဖွဲ့ရှေ့မှောက်သို့ တင်ပို့ပေးရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ အကြောင်းကြားရမည်။ အကယ်၍ တောင်းဆိုခြင်းခံရသူသည် အခြားပြစ်မှုတစ်ရပ်ရပ်ဖြင့် ချုပ်နှောင်ထားခြင်းခံရပါက မိမိအဖွဲ့ ရှေ့မှောက်သို့တင်ပို့ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကျဉ်းဦးစီးဌာနသို့ တစ်ပြိုင်တည်း အကြောင်းကြားရမည်။

(ဃ) မိမိအဖွဲ့ရှေ့မှောက်သို့ တောင်းဆိုခြင်းခံရသူအဖြစ် ရောက်ရှိစစ်ဆေးခံသူအား တောင်းဆိုခြင်း ခံရသူ ဟုတ် မဟုတ် စစ်ဆေးမေးမြန်းခြင်း၊ စိစစ်ခြင်း၊ အတည်ပြုခြင်းများ ဆောင်ရွက်ရမည်။

(င) တရားခံလွှဲပြောင်းခြင်း၏ စည်းကမ်းချက်များနှင့် အခြေအနေများကို တောင်းဆိုခြင်းခံရသူသို့ ရှင်းလင်းပြောကြားပြီး တရားခံလွှဲပြောင်းခြင်းကို သဘောတူ မတူ မေးမြန်းရမည်။ သဘောတူ ပါက မည်သည့်အကြောင်းရင်းများအရ သဘောတူသည်ကို မေးမြန်းရမည်။

(စ) တောင်းဆိုခြင်းခံရသူက တရားခံလွှဲပြောင်းရေးဆိုင်ရာ ကြားနာမှု လုပ်ထုံးလုပ်နည်းနှင့်အညီ နည်းလမ်းတကျဆောင်ရွက်ခြင်းကို မခံယူလိုကြောင်း ၎င်း၏ဆန္ဒကို တင်ပြလာပါက ခုံအဖွဲ့ သည် ယင်းကို မှတ်တမ်းတင်၍ တရားခံလွှဲပြောင်းပေးရန် သင့်လျော်ကြောင်း ဆုံးဖြတ်နိုင်သည်။

(ဆ) တောင်းဆိုခြင်းခံရသူအား သင့်လျော်သော အကျိုးဆောင်တစ်ဦးဦးကို ငှားရမ်းနိုင်ခွင့် သို့မဟုတ် ခုံအဖွဲ့က စီစဉ်ပေးသော အကျိုးဆောင်တစ်ဦးဦးကို ရယူပိုင်ခွင့်ရှိကြောင်းတို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရမည်။

(ဇ) တရားခံလွှဲပြောင်းရေးကြားနာရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် အညီ ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ဈ) တရားခံလွှဲပြောင်းရေးကြားနာရာတွင် လိုအပ်ပါက မည်သူ့ကိုမဆို ဆင့်ဆိုစစ်ဆေးနိုင်သည်။

(ည) တရားခံလွှဲပြောင်းရေးကြားနာရာတွင် လိုအပ်ပါက ဘာသာစကားကျွမ်းကျင်သူကို ငှားရမ်း နိုင်သည်။

(ဋ) တရားခံလွှဲပြောင်းရေးကြားနာရာတွင် ပုဒ်မ ၅ နှင့် ၆ ပါ ပြဋ္ဌာန်းချက်များအပြင် လွှဲပြောင်း ပေးရသည့် အကြောင်းရင်း၊ နိုင်ငံတော်ကလက်ခံကျင့်သုံးနေသော နိုင်ငံခြားရေးမူဝါဒ၊ နိုင်ငံသား ဖြစ်မှု၊ တောင်းဆိုခြင်းခံရသူ၏ ခုခံချေပခွင့်နှင့် အခြားစပ်ဆိုင်သော အကြောင်းခြင်းရာများကို ထည့်သွင်းသုံးသပ်ရမည်။

(ဌ) တရားခံလွှဲပြောင်းရေးကြားနာရာတွင် တောင်းဆိုခြင်းခံရသူအား လွှဲပြောင်းရန် သင့် မသင့် ကိုသာ စဉ်းစားပြီး တောင်းဆိုခြင်းခံရသူ ပါဝင်ကျူးလွန်သည်ဟူသော စွဲချက်ကို ဆန့်ကျင်သည့် သက်သေခံချက်များအား တောင်းဆိုခြင်းခံရသူကဖြစ်စေ၊ ၎င်း၏ကိုယ်စားလှယ်ကဖြစ်စေ တင်ပြခွင့်မရှိစေရ၊ ခုံအဖွဲ့ကလည်း လက်ခံစဉ်းစားခြင်း မပြုရ။

(ဍ) လွှဲပြောင်းပေးရန် ဆုံးဖြတ်ပါက တောင်းဆိုခြင်းခံရသူအား ပြည်ထောင်စုအစိုးရအဖွဲ့ထံ အယူခံ တင်သွင်းနိုင်ကြောင်း အသိပေးရမည်။

(ဎ) တရားခံလွှဲပြောင်းရေးကြားနာမှုပြီးဆုံးပါက ဆုံးဖြတ်ချက်ကို ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြရမည်။

(ဏ) ပြည်ထောင်စုအစိုးရအဖွဲ့၏ ခုံအဖွဲ့ဖျက်သိမ်းကြောင်း အမိန့်ရရှိသည့်အခါ တာဝန်ပြီးဆုံးသည်။

၁၆။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ) အရ ခုံအဖွဲ့၏ အကြောင်းကြားချက်ကိုရရှိပါက -

(က) တောင်းဆိုခြင်းခံရသူသည် ရဲစခန်းအချုပ်တွင်ရှိနေလျှင် ခုံအဖွဲ့ ရှေ့မှောက်သို့ ကြားနာစစ်ဆေးရန် တင်ပို့ရမည်။

(ခ) တောင်းဆိုခြင်းခံရသူအား ဖမ်းဆီးထားခြင်းမရှိပါက ရှာဖွေဖမ်းဆီးပြီး ခုံအဖွဲ့သို့ ကြားနာစစ်ဆေးရန် တင်ပို့ရမည်။

(ဂ) တောင်းဆိုခြင်းခံရသူသည် အခြားပြစ်မှုတစ်ရပ်ရပ်ဖြင့် အကျဉ်းထောင်တွင် ချုပ်နှောင်ထားခြင်းခံရပါက ယင်းအကြောင်းအရာကို ခုံအဖွဲ့သို့ တင်ပြလျက် ခုံအဖွဲ့၏ ညွှန်ကြားချက်အရ အကျဉ်းထောင်မှထုတ်၍ ခုံအဖွဲ့သို့ ကြားနာရန် တင်ပို့ရမည်။

(ဃ) ဖမ်းဆီးရမိထားသော တောင်းဆိုခြင်းခံရသူအပေါ် ၂၄ နာရီထက်ကျော်လွန်၍ ချုပ်နှောင်ထားရန်လိုအပ်ပါက ချုပ်မိန့်ပေးပိုင်ခွင့်အာဏာရှိသော အနီးဆုံးတရားသူကြီးထံသို့ ချုပ်မိန့်လျှောက်ထားရမည်။

(င) ရက်ပေါင်း (၆၀) အတွင်း တောင်းဆိုခြင်းခံရသူအား ရှာဖွေဖမ်းဆီးရမိခြင်းမရှိပါက ခုံအဖွဲ့သို့ ယင်းတောင်းဆိုခြင်းခံရသူအား ဖမ်းဆီးရမိခြင်းမရှိကြောင်း ပြန်လည်တင်ပြရမည်။

(စ) ပုဒ်မခွဲ (င) အရ ခုံအဖွဲ့သို့ တင်ပြပြီးဖြစ်စေကာမူ တောင်းဆိုခြင်းခံရသူကို ဖမ်းဆီးရမိပါက ခုံအဖွဲ့နှင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

၁၇။ သက်ဆိုင်ရာတရားသူကြီးသည် ဖမ်းဆီးထားသော တောင်းဆိုခြင်းခံရသူကို တရားခံလွှဲပြောင်းရေးကိစ္စဆောင်ရွက်ရန်အလို့ငှာ ချုပ်မိန့်ပေးရန်လျှောက်ထားလာပါက အမှုတွဲကို စိစစ်၍ တစ်ကြိမ်လျှင် (၁၅) ရက်ထက်မပိုသော ကာလဖြင့် တရားခံလွှဲပြောင်းရေးလုပ်ငန်းစဉ် ပြီးဆုံးသည်အထိ ချုပ်မိန့်ပေးနိုင်သည်။

၁၈။ ခုံအဖွဲ့သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိခြင်းမရှိကြောင်း တင်ပြချက်အရ ယင်းအမှုပိတ်သိမ်းကြောင်း ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

၁၉။ ပြည်ထဲရေးဝန်ကြီးဌာနသည် ခုံအဖွဲ့၏အကြောင်းကြားချက်ရရှိပါက နိုင်ငံတော်သမ္မတထံတင်ပြပြီး ယင်း၏အတည်ပြုချက်နှင့်အညီ အမှုပိတ်သိမ်းကြောင်း တောင်းဆိုသည့်နိုင်ငံသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဆောလျင်စွာ ပြန်ကြားရမည်။

၂၀။ တရားခံလွှဲပြောင်းပေးရန် ခုံအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် တောင်းဆိုခြင်းခံရသူသည် ယင်းဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ (၇) ရက်အတွင်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ အယူခံမှုတင်သွင်းနိုင်သည်။

၂၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မ ၂၀ ပါ အယူခံလျှောက်ထားချက်အပေါ် အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း လိုအပ်ပါက ပြန်လည်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၂၂။ ပြည်ထဲရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် တရားခံလွှဲပြောင်းခြင်း မပြုသည့်အမှုမှ တောင်းဆိုခြင်းခံရသူအပေါ် နိုင်ငံတော်၏တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်ရမည်။

၂၃။ ပြည်ထဲရေးဝန်ကြီးဌာနသည် -

(က) တရားခံလွှဲပြောင်းရေးနှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက်ကို နိုင်ငံတော်သမ္မတထံ တင်ပြအတည်ပြုချက်ရယူပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် တောင်းဆိုသည့် နိုင်ငံသို့ အကြောင်းပြန်ကြားရမည်။

(ခ) တရားခံလွှဲပြောင်းပေးရန် နိုင်ငံတော်သမ္မတက အတည်ပြုလျှင် တရားခံလွှဲပြောင်း လက်ခံရေးနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် တောင်းဆိုသည့် နိုင်ငံသို့ အကြောင်းကြားရမည်။

(ဂ) နိုင်ငံတော်သမ္မတ၏ တရားခံလွှဲပြောင်းပေးရန် အတည်ပြုချက်အရ ရဲစခန်း သို့မဟုတ် အကျဉ်းထောင်တွင် ချုပ်နှောင်ထားခြင်းခံရသည့် တောင်းဆိုခြင်းခံရသူအား သက်ဆိုင်ရာ တောင်းဆိုသည့်နိုင်ငံသို့ လွှဲပြောင်းပေးအပ်နိုင်သည်။

(ဃ) တောင်းဆိုသည့်နိုင်ငံမှ ဆက်သွယ်လာပါက ယင်းနိုင်ငံ၏ အခွင့်ရအာဏာပိုင်နှင့် ညှိနှိုင်းပြီး တောင်းဆိုခြင်းခံရသူကို လွှဲပြောင်းရေးဆောင်ရွက်ရမည်။

(င) တောင်းဆိုသည့်နိုင်ငံက ခိုင်လုံသောအကြောင်းပြချက်ဖြင့် ရက်ပေါင်း (၃၀) အတွင်း တရားခံလွှဲပြောင်းခြင်းကို လက်ခံနိုင်ခြင်းမရှိကြောင်း အကြောင်းကြားသည်မှတစ်ပါး တောင်းဆိုခြင်းခံရသူကို ရက်ပေါင်း (၃၀) အတွင်း လွှဲပြောင်းလက်ခံခြင်းမရှိလျှင် နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၂၄။ နိုင်ငံတော်သမ္မတသည် တရားခံလွှဲပြောင်းရေးအတွက် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းကို ဆောင်ရွက်နိုင်သည်။

## အခန်း (၆)
## နိုင်ငံတော်ကတရားခံလွှဲပြောင်းပေးရန်တောင်းဆိုခြင်း

၂၅။ နိုင်ငံတော်၏ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများသည် အခြားနိုင်ငံတစ်နိုင်ငံထံမှ တရားခံလွှဲပြောင်းရယူရန် တောင်းဆိုလိုပါက ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြောင်းကြားစာ ပေးပို့ရမည်။

၂၆။ ပြည်ထဲရေးဝန်ကြီးဌာနသည် ပုဒ်မ ၂၅ အရ အကြောင်းကြားစာရရှိသည့်အခါ -

(က) သက်ဆိုင်သည့် ဝန်ကြီးဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သင့်လျော်သည့် ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းပြီး တောင်းဆိုသင့်သည်ဟု ဆုံးဖြတ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်နှင့်အညီ တရားခံလွှဲပြောင်းပေးရန် တောင်းဆိုချက်ကို တောင်းဆိုခြင်းခံရသူ ရှိနေသော သို့မဟုတ် ရှိနေသည်ဟု ယူဆရသော နိုင်ငံသို့ ယင်းနိုင်ငံ၏ တရားခံလွှဲပြောင်းရေးဥပဒေနှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် တင်သွင်းရမည်။

(ဂ) ယင်းနိုင်ငံနှင့် တရားခံလွှဲပြောင်းရေး သဘောတူစာချုပ်ရှိပါက ထိုစာချုပ်ပါအတိုင်း ဆောင်ရွက်ရမည်။

၂၇။ တောင်းဆိုခြင်းခံရသူကို လွှဲပြောင်းပေးမည်ဟု လွှဲပြောင်းပေးသောနိုင်ငံ၏ အကြောင်းပြန်ကြားချက်ရရှိပါက နိုင်ငံခြားရေးဝန်ကြီးဌာနသည် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းလက်ခံရန် အကြောင်းကြားရမည်။ ပြည်ထဲရေးဝန်ကြီးဌာနသည် လွှဲပြောင်းပေးသောနိုင်ငံနှင့် ဆက်သွယ်၍ လုံလောက်သော အစောင့်အရှောက်ဖြင့် လွှဲပြောင်းလက်ခံရမည်။

၂၈။ ပြည်ထဲရေးဝန်ကြီးဌာနသည် တောင်းဆိုခြင်းခံရသူကို လက်ခံရရှိပါက တောင်းဆိုခဲ့သည့် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများထံသို့ လွှဲပြောင်းပေးရမည်။ ယင်းဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများသည် တောင်းဆိုခဲ့သည့် ရည်ရွယ်ချက်အတိုင်း ဆက်လက်အရေးယူဆောင်ရွက်ရမည်။

## အခန်း (၇)
## အထွေထွေ

၂၉။ နိုင်ငံတော်အတွင်းရှိ တရားရုံးတစ်ရုံးက တောင်းဆိုခြင်းခံရသူအား တောင်းဆိုခြင်းခံရသည့်ပြစ်မှုမဟုတ်ဘဲ တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ အခြားပြစ်မှုဖြင့် စစ်ဆေးစီရင်ဆဲဖြစ်လျှင် ယင်းစစ်ဆေးစီရင်မှုပြီးဆုံးသည်အထိ ခုံအဖွဲ့သည် တရားခံလွှဲပြောင်းရေးကြားနာမှုကို ဆိုင်းငံ့ထားရမည်။

၃၀။ ပြည်ထဲရေးဝန်ကြီးဌာနသည် ပုဒ်မ ၁၆၊ ပုဒ်မခွဲ (စ) အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့က တောင်းဆိုခြင်းခံရသူကို ဖမ်းဆီးရမိကြောင်းတင်ပြလာပါက နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာ

တောင်းဆိုသည့် နိုင်ငံသို့ အကြောင်းကြား၍ တရားခံလွှဲပြောင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၃၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် -

(က) နိုင်ငံတကာမှတရားခံပြေးများအား ဖမ်းဆီးရမိပါက ထိုသူအား ချုပ်မိန့်ပေးရန် အခွင့်အာဏာရှိသော အနီးဆုံးတရားသူကြီးထံသို့ နိုင်ငံတကာမှ တရားခံပြေးအဖြစ် ကြေညာထားသော စာရွက်စာတမ်းများနှင့်အတူ လျှောက်ထားရမည်။

(ခ) ဖမ်းဆီးရမိသူအပေါ် (၁၅) ရက်အတွင်း တရားခံလွှဲပြောင်းရေး တောင်းဆိုရန် တရားခံပြေး ကြေညာထားသည့်နိုင်ငံသို့ ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့်ဖြစ်စေ၊ အခြားနည်းလမ်းဖြင့် ဖြစ်စေ အကြောင်းကြားရမည်။

(ဂ) တရားခံပြေးကြေညာထားသည့်နိုင်ငံက ပုဒ်မခွဲ (ခ) ပါ အတိုင်း အရေးယူဆောင်ရွက်ခြင်း မပြုလျှင် ဖမ်းဆီးရမိသူအပေါ် တည်ဆဲဥပဒေအရ ဆက်လက်ဆောင်ရွက်ရမည်။

၃၂။ သူတစ်ဦးကိုလွှဲပြောင်းပေးသည့်နိုင်ငံမှ လက်ခံရရှိမည့်နိုင်ငံသို့ နိုင်ငံတော်၏ ပိုင်နက်နယ်မြေမှတစ်ဆင့် ဖြတ်သန်းပို့ဆောင်ခြင်းကို ခွင့်ပြုရန် လက်ခံရရှိမည့်နိုင်ငံ၏ တောင်းဆိုချက်ကိုရရှိသောအခါ နိုင်ငံတော်၏ အကျိုးစီးပွားကိုမထိခိုက်ပါက ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်နှင့်အညီ ခွင့်ပြုနိုင်သည်။ ယင်းသို့ ခွင့်ပြုကြောင်းကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် တောင်းဆိုသည့် နိုင်ငံသို့ အကြောင်းကြားရမည်။

၃၃။ ပုဒ်မ ၃၂ အရ ဖြတ်သန်းပို့ဆောင်ခွင့်ပြုသောအခါ -

(က) မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် လွှဲပြောင်းပေးခြင်းခံရသူကို နိုင်ငံတော်အတွင်း (၂၄) နာရီထက် မပိုသောကာလအတွက် တည်ဆဲဥပဒေများနှင့်အညီ ထိန်းသိမ်းချုပ်နှောင်ထားရှိနိုင်သည်။ ယင်းကာလထက် ပိုမိုချုပ်နှောင်ထားရန်လိုအပ်ပါက အနီးဆုံးတရားသူကြီးထံမှ ချုပ်မိန့် ရယူရမည်။

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနများသည် လွှဲပြောင်းပေးရမည့်သူအား ပို့ဆောင်ပေးခြင်းကို အထောက်အကူပြုရန် သင့်လျော်သော အကူအညီများပေးရမည်။

၃၄။ အခြားနိုင်ငံနှစ်နိုင်ငံ၏ တရားခံလွှဲပြောင်းရေး၌ လေကြောင်းဖြင့်ပို့ဆောင်ရာတွင် နိုင်ငံတော်၏ ပိုင်နက်နယ်မြေပေါ်သို့ ဆင်းသက်ရန်မူလအစီအစဉ်မရှိသော်လည်း အရေးပေါ် လေယာဉ်ဆင်းသက်ခဲ့ရလျှင် နိုင်ငံခြားအစောင့်လိုက်အရာရှိ၏ တောင်းဆိုချက်အရ တရားခံချုပ်နှောင်ခြင်းကို ပုဒ်မ ၃၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၃၅။ တရားခံလွှဲပြောင်းရေးနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို တောင်းဆိုသည့်နိုင်ငံက ကျခံရမည်။

၃၆။ နိုင်ငံတော်၏ ပိုင်နက်နယ်မြေမှတစ်ဆင့် ဖြတ်သန်းပို့ဆောင်စဉ် ခေတ္တရပ်နား၍ ခေါ်ဆောင်ခြင်းဖြစ်ပါက ကုန်ကျစရိတ်ကို ပုဒ်မ ၃၅ အရ တောင်းဆိုသည့်နိုင်ငံက ကျခံရမည်။

၃၇။ တရားခံလွှဲပြောင်းရေးနှင့်စပ်လျဉ်း၍ ကုန်ကျစရိတ်ကို နိုင်ငံတော်ကကျခံရန် အကြောင်းပေါ်ပေါက်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းက ကျခံရမည်။

၃၈။ ပုဒ်မ ၆ တွင် မည်သို့ပင် ပြဋ္ဌာန်းထားစေကာမူ နှစ်နိုင်ငံသဘောတူစာချုပ်အရဖြစ်စေ၊ ပြစ်မှုအကြောင်းခြင်းရာအရပ်ရပ်အား သုံးသပ်ချက်အရ ပြစ်မှုကျူးလွန်သူအား ယင်းပြစ်မှုကျူးလွန်သည့်နေရာတွင် စစ်ဆေးစီရင်ခြင်းက ပိုမိုသင့်လျော်ကြောင်း တွေ့ရှိရလျှင်ဖြစ်စေ၊ နိုင်ငံတော်၏အကျိုးစီးပွားအလို့ငှာ လိုအပ်ခဲ့လျှင်ဖြစ်စေ နိုင်ငံတော်သမ္မတက တရားခံလွှဲပြောင်းပေးရန် ခွင့်ပြုနိုင်သည်။

၃၉။ ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် တရားခံလွှဲပြောင်းရေးဆိုင်ရာ နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံအများပါဝင်သော သဘောတူစာချုပ်များချုပ်ဆိုရေးအတွက် အဆိုပြုခြင်း၊ လက်ခံခြင်း၊ စိစစ်ခြင်း၊ လက်မှတ်ရေးထိုးခြင်းတို့ကို နိုင်ငံတော်ကိုယ်စား ဆောင်ရွက်နိုင်သည်။

၄၀။ ပြည်ထဲရေးဝန်ကြီးဌာနသည် -

(က) လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၁။ တရားခံလွှဲပြောင်းရေးကိစ္စရပ်များနှင့်ပတ်သက်၍ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေအရသာလျှင် ဆောင်ရွက်ရမည်။

၄၂။ " The Burma Extradition Act. 1904 " ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

**နောက်ဆက်တွဲဇယား (က)**

## "နိုင်ငံရေးသဘောသဘာဝရှိသော ပြစ်မှုများဟု မမှတ်ယူရမည့် ပြစ်မှုများစာရင်း"

၁။ ပြစ်မှုဆိုင်ရာဥပဒေတွင် ပြဋ္ဌာန်းပါရှိသော အောက်ပါပြစ်မှုများ -

(က) ပြစ်မှုပုဒ်မ ၃၀၂၊ လူသတ်မှု၊

(ခ) ပြစ်မှုပုဒ်မ ၃၀၄ လူသတ်မှုမမြောက်သည့် ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှု၊ ပြစ်မှုပုဒ်မ ၃၀၄-က ပေါ့လျော့ခြင်းဖြင့် လူသေစေမှု၊

(ဂ) ပြစ်မှုပုဒ်မ ၃၀၁၊ လူသတ်ခြင်းပြုမှု၊

(ဃ) ပြစ်မှုပုဒ်မ ၃၂၆၊ အပြင်းအထန်နာကျင်စေမှု၊

(င) ပြစ်မှုပုဒ်မ ၃၄၁၊ မတရားတားဆီးကန့်ကွက်မှု၊

(စ) ပြစ်မှုပုဒ်မ ၃၄၂၊ မတရားချုပ်နှောင်ထားမှု၊

(ဆ) ပြစ်မှုပုဒ်မ ၃၆၃၊ လူခိုးမှု၊

(ဇ) ပြစ်မှုပုဒ်မ ၃၆၄၊ လူကိုသွေးဆောင်ခေါ်ဆောင်မှု၊

(ဈ) ပြစ်မှုပုဒ်မ ၃၇၀၊ တစ်ဦးတစ်ယောက်သောသူကို ကျွန်အဖြစ်ဝယ်ယူမှု သို့တည်းမဟုတ် စီမံခန့်ခွဲမှု၊

(ည) ပြစ်မှုပုဒ်မ ၃၇၄၊ ဥပဒေနှင့်ဆန့်ကျင်သော အတင်းအဓမ္မခိုင်းစေမှု၊

(ဋ) ပြစ်မှုပုဒ်မ ၃၈၄၊ ခြောက်လှန့်တောင်းယူမှု၊

(ဌ) အထက်အပိုဒ်ခွဲ (က) မှ (ည) အထိ ဖော်ပြထားသော ပြစ်မှုများဆိုင်ရာ အားပေးကူညီမှုများ။

၂။ လူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေတွင် ပြဋ္ဌာန်းပါရှိသောပြစ်မှုများ၊

၃။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါပြစ်မှုများ၊

၄။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေတွင် ပြဋ္ဌာန်းပါရှိသောအကြမ်းဖက်မှုများ၊

၅။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေတွင် ပြဋ္ဌာန်းပါရှိသောပြစ်မှုများ၊

၆။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေတွင် ပြဋ္ဌာန်းပါရှိသော ပြစ်မှုများ။

**ပုံစံ (၁)**

------------------------------ နိုင်ငံ

------------------------------ ဌာန

[ပုဒ်မ ၇၊ ပုဒ်မခွဲ (ဆ) ကို ရည်ညွှန်းသည်]

သို့

ပြည်ထောင်စုဝန်ကြီး
နိုင်ငံခြားရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အကြောင်းအရာ။ **တရားခံလွှဲပြောင်းပေးရန်/တရားခံရှာဖွေဖမ်းဆီး လွှဲပြောင်းပေးရန် တောင်းဆိုခြင်း**

၁။ ------------------------------------- တွင် ဖြစ်ပွားသော ---------------------------- ------------ကိစ္စနှင့်စပ်လျဉ်း၍ ------------------------------ နိုင်ငံတွင် တရားစွဲဆိုရန်/---------- -------- ပြန်တိုက် စစ်ဆေးစီရင်နိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရောက်ရှိနေသူ -------- ------------ နိုင်ငံသားအား ရှာဖွေဖမ်းဆီး၍ လွှဲပြောင်းပေးနိုင်ပါရန် အကူအညီတောင်းခံအပ်ပါသည်။

၂။ မှုခင်းဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) တရားခံလွှဲပြောင်းပေးရန် တောင်းဆိုသည့်ကိစ္စနှင့်သက်ဆိုင်သည့် အမှုအကျဉ်းချုပ်နှင့် သဘောသဘာဝ ------------------------------------------------------------

------------------------------------------------------------

------------------------------------------------------------

------------------------------------------------------------

------------------------------------------------------------

(ခ) အရေးယူထားသည့် ဥပဒေနှင့် ပုဒ်မ ----------------------------------------

------------------------------------------------------------

------------------------------------------------------------

------------------------------------------------------------

(ဂ) ဆောင်ရွက်ပေးစေလိုသည့်ကိစ္စ ----------------------------------------

------------------------------------------------------------

------------------------------------------------------------

------------------------------------------------------------

(ဃ) ဆောင်ရွက်ပေးရမည့် အချိန်ကာလ (အလျင်အမြန်ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါက ဆောင်ရွက်ရန် ဖော်ပြချက်) ----------------------------------------

------------------------------------------------------------

------------------------------------------------------------

(င) တောင်းဆိုသည့်ကိစ္စနှင့်စပ်လျဉ်း၍ တောင်းဆိုသောနိုင်ငံတွင် ကျင့်သုံးနေသော သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၏ ကောက်နုတ်ချက်များနှင့် အကြောင်းပြချက်များ ----------------------------------------

------------------------------------------------------------

------------------------------------------------------------

------------------------------------------------------------

------------------------------------------------------------

(စ) တောင်းဆိုသောနိုင်ငံတွင် အဆိုပါပြစ်မှုကို စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်း၊ တရားစီရင်ရေးဆိုင်ရာဆောင်ရွက်ခြင်းပြုလုပ်သူ အရာရှိ၏ အမည်၊ ဌာနနှင့် လုပ်ငန်းတာဝန် ------------------------------------------------------------
------------------------------------------------------------
------------------------------------------------------------

(ဆ) အခြားလိုအပ်သောအချက်များ --------------------------------------------
------------------------------------------------------------

တောင်းဆိုသည့်နိုင်ငံ၏အာဏာပိုင်
------------------------ နိုင်ငံ

စာအမှတ်။ --------------------
ရက်စွဲ။ --------------------
မှတ်ချက်။ မဆိုင်သည့်စာသားကိုဖျက်ရန်။

**ပုံစံ (၂)**

**တရားခံလွှဲပြောင်းပေးရန်တောင်းဆိုခြင်းခံရသူ၏ အကြောင်းအရာအထွေထွေအချက်များ**

[ပုဒ်မ ၇၊ ပုဒ်မခွဲ (ဆ) ကို ရည်ညွှန်းသည်]

ဓာတ်ပုံ

၁။ အမည် - ----------------------------------------------
၂။ အခြားအမည် (ရှိလျှင်) - ----------------------------------------------
၃။ နိုင်ငံသား - ----------------------------------------------
၄။ နိုင်ငံကူးလက်မှတ်အမှတ်/နိုင်ငံသား - ----------------------------------------------
သက်သေခံလက်မှတ် အမှတ်နှင့် - ----------------------------------------------
ထုတ်ပေးရက်စွဲ၊ ထုတ်ပေးသည့်နေရာ - ----------------------------------------------

၅။ အလုပ်အကိုင် - ----------------------------------------------
----------------------------------------------
----------------------------------------------

၆။ အဘနှင့် အမိအမည် - ----------------------------------------------
----------------------------------------------
----------------------------------------------

၇။ မွေးဖွားရာအရပ် - ----------------------------------------------
----------------------------------------------
----------------------------------------------

၈။ အမြဲနေထိုင်ရာအရပ် - ---------------------------------------------
---------------------------------------------
---------------------------------------------

၉။ အသက်/မွေးသက္ကရာဇ် - ---------------------------------------------
---------------------------------------------

၁၀။ လူမျိုး/ဘာသာ - ---------------------------------------------
---------------------------------------------

၁၁။ အရပ် - ---------------------------------------------
---------------------------------------------

၁၂။ ပုံပန်း - ---------------------------------------------
---------------------------------------------
---------------------------------------------

၁၃။ ဆံပင် - ---------------------------------------------
---------------------------------------------

၁၄။ မျက်ခုံးများ - ---------------------------------------------
---------------------------------------------

၁၅။ နဖူး - ---------------------------------------------
---------------------------------------------

၁၆။ မျက်စိများ - ---------------------------------------------
---------------------------------------------

၁၇။ နှာခေါင်း - ---------------------------------------------
---------------------------------------------

၁၈။ ပါးစပ် - ---------------------------------------------
---------------------------------------------

၁၉။ သွားများ - ------------------------------------------------
------------------------------------------------

၂၀။ လက်ချောင်းများ - ------------------------------------------------
------------------------------------------------

၂၁။ နားရွက်များ - ------------------------------------------------
------------------------------------------------

၂၂။ မျက်နှာရှည်သည်/ဝိုင်းသည်/မျက်နှာထားချိုသည် - ------------------------------------------
မျက်နှာထားပုပ်သည်/တွန့်ကြောင်းများသည် ------------------------------------------

၂၃။ အသားအရောင် - ------------------------------------------------

၂၄။ မုတ်ဆိတ် - ------------------------------------------------
------------------------------------------------

၂၅။ နှုတ်ခမ်းမွေးများ - ------------------------------------------------
------------------------------------------------

၂၆။ ထူးခြားသောအမှတ်အသားများ - ------------------------------------------------
------------------------------------------------
------------------------------------------------

၂၇။ ထူးခြားသောအမူအရာများ - ------------------------------------------------
------------------------------------------------
------------------------------------------------
------------------------------------------------

၂၈။ အမြဲဝတ်တတ်သောအဝတ်တန်ဆာများ - ------------------------------------------------
------------------------------------------------
------------------------------------------------
------------------------------------------------

၂၉။ အမှုအကြောင်းအရာအကျဉ်းချုပ်

------------------------------------------------------------------------------------------
------------------------------------------------------------------------------------------
------------------------------------------------------------------------------------------
------------------------------------------------------------------------------------------
------------------------------------------------------------------------------------------
------------------------------------------------------------------------------------------

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၉၀/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်

( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက် )

**ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို**
**တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ** (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၁။ ) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး

**ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို**
**တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၁။ )**

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်

( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။　ဤဥပဒေကို **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။　ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဈ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးက ဤဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့ကို ဆိုသည်။"

(ခ) ပုဒ်မခွဲ (ည) ၏ နောက်တွင် ပုဒ်မခွဲ (ဋ)၊ (ဌ)၊ (ဍ) နှင့် (ဎ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဋ) **ဆယ်အိမ်မှူး** ဆိုသည်မှာ ရာအိမ်မှူး ရွေးချယ်ရန်အတွက်လည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား အထောက်အကူပြုရန်အတွက်လည်းကောင်း သက်ဆိုင်ရာ ဆယ်အိမ်စုအစုအဖွဲ့က ရွေးချယ်သည့် ပုဒ်မ ၅ ပါ အရည်အချင်းများနှင့် ပြည့်စုံသူကို ဆိုသည်။

(ဌ) **ရာအိမ်မှူး** ဆိုသည်မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရွေးချယ်ရန် အတွက်လည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား

အထောက်အကူပြုရန်အတွက်လည်းကောင်း သက်ဆိုင်ရာ ရာအိမ်စုအစုအဖွဲ့က ရွေးချယ်သည့် ပုဒ်မ ၅ ပါ အရည်အချင်းများနှင့် ပြည့်စုံသူကို ဆိုသည်။

(ဍ) **ကျေးရွာတာဝန်ခံ** ဆိုသည်မှာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား အထောက်အကူပြုရန် အတွက် သက်ဆိုင်ရာကျေးရွာရှိ ရာအိမ်မှူးများက ရွေးချယ်သည့် ပုဒ်မ ၅ ပါ အရည်အချင်း များနှင့် ပြည့်စုံသူကို ဆိုသည်။

(ပ) **အိမ်ထောင်စုကိုယ်စားလှယ်** ဆိုသည်မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး အား မဲပေးရွေးချယ်နိုင်ခွင့်ရှိသည့် အိမ်ထောင်စုတစ်ခု၏ အိမ်ထောင်ဦးစီး သို့မဟုတ် (၁၈)နှစ် ပြည့်ပြီး မိသားစုဝင်တစ်ဦးဦးကို ဆိုသည်။"

၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ အခန်း (၃) ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည် -

## "အခန်း (၃)

## ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးတို့တွင် ပြည့်စုံရမည့် အရည်အချင်းများ"

၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၅ တွင် -

(က) ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ (င)၊ (ဆ) နှင့် (ည) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(င) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်း အနည်းဆုံး ငါးနှစ် နေထိုင်လျက်ရှိသူဖြစ်ပြီး လက်ရှိတာဝန်ထမ်းဆောင်ချိန်တွင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် အမှန်တကယ် နေထိုင်မည့်သူဖြစ်ခြင်း၊
**ခြွင်းချက်။** ဒေသခံအငြိမ်းစားဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်း (၂) နှစ် နေထိုင်သူကို ထည့်သွင်းစဉ်းစား နိုင်သည်။

(ဆ) ပေးအပ်သည့်တာဝန်ကို ထမ်းဆောင်နိုင်စွမ်းရှိသူဖြစ်ခြင်း၊

(ည) တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းမဟုတ်ခြင်း။"

၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၆ ကို အောက်ပါအတိုင်းအစားထိုး ရမည် -

"၆။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများက ရွေးချယ် ပေးသော ယင်းတာဝန်ကို ထမ်းဆောင်ရန်ဆန္ဒရှိသည့် ရပ်မိရပ်ဖ ငါးဦးကို ကြီးကြပ်ရေးအဖွဲ့အဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။"

၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပုဒ်မ ၇ ကို အောက်ပါအတိုင်း အစားထိုး ရမည် -

"၇။ ကြီးကြပ်ရေးအဖွဲ့သည် -

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စုစာရင်းများရယူ၍ သတ်မှတ်ထား သော နည်းလမ်းများနှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအလိုက် တစ်ဆက်တစ်စပ်တည်း အစဉ်လိုက်ဖြစ်သော ဆယ်အိမ်စုအစုအဖွဲ့နှင့် ရာအိမ်စုအစုအဖွဲ့များကို ဖွဲ့စည်းရမည်။

(ခ) ဆယ်အိမ်စုအသီးသီးတွင်နေထိုင်ကြသော အိမ်ထောင်စုကိုယ်စားလှယ်တို့အား စုစည်း၍ မိမိတို့နေထိုင်ရာ ဆယ်အိမ်စုအတွင်း နေထိုင်သူများအနက်မှ ပုဒ်မ ၅ ပါ အရည်အချင်းများနှင့် ပြည့်စုံသူတစ်ဦးကို အများဆန္ဒနှင့်အညီ ဆယ်အိမ်မှူးအဖြစ် ရွေးချယ်ရမည်။

(ဂ) ရာအိမ်စုအသီးသီးတွင် ရွေးချယ်ခံရသော ဆယ်အိမ်မှူးများအနက်မှ ရာအိမ်မှူးတစ်ဦးကို သက်ဆိုင်ရာ ရာအိမ်စုအတွင်းရှိ အိမ်ထောင်စုကိုယ်စားလှယ်များက အများဆန္ဒနှင့်အညီ ရွေးချယ်ရမည်။

(ဃ) ရွေးချယ်ခြင်းခံရသော ရာအိမ်မှူးတစ်ဦးတည်းသာရှိပါက ယင်းပုဂ္ဂိုလ်အား ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် မြို့နယ် အုပ်ချုပ်ရေးမှူးထံ တင်ပြရမည်။

(င) ရွေးချယ်ခြင်းခံရသည့် ရာအိမ်မှူးတစ်ဦးထက်ပိုပါက ယင်းပုဂ္ဂိုလ်အား -

(၁) ရပ်ကွက်များတွင် ရပ်ကွက် အုပ်ချုပ်ရေးမှူးလောင်းများအဖြစ်လည်းကောင်း၊ ကျေးရွာ အုပ်စုများတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးလောင်းများအဖြစ်လည်းကောင်း အမည်စာရင်း ပြုစုရမည်။

(၂) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးလောင်းများအဖြစ် အမည်စာရင်း ပြုစုရာတွင် အုပ်ချုပ်ရေးမှူးတာဝန်ထမ်းဆောင်ရန် ဆန္ဒမပြုသည့် ရာအိမ်မှူးများ ရှိပါက ယင်းတို့၏အမည်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးလောင်း အမည်စာရင်းတွင် ချန်လှပ်ရမည်။

(စ) ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ် (၁) အရ ပြုစုထားသော အမည်စာရင်းပါ ပုဂ္ဂိုလ်များအနက်မှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတစ်ဦးကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စုကိုယ်စားလှယ်များက သတ်မှတ်ထားသောနေ့ရက် တွင် လျှို့ဝှက်ဆန္ဒမဲပေးပြီး ရွေးချယ်စေရမည်။ ရရှိသော ဆန္ဒမဲများကို ရေတွက်၍ ဆန္ဒမဲ အများအနည်းအလိုက် အမည်စာရင်းပြုစုပြီး ကြေညာရမည်။

(ဆ) ကျေးရွာတစ်ရွာထက် ပိုမိုဖွဲ့စည်းထားသော ကျေးရွာအုပ်စုများတွင် သက်ဆိုင်ရာကျေးရွာ တာဝန်ခံအဖြစ် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများက မိမိတို့ထဲမှတစ်ဦးကို အများဆန္ဒနှင့်အညီ ရွေးချယ်ရမည်။

(ဇ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်ပွဲနှင့်စပ်လျဉ်း၍ အောက်ပါ တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရမည် -

(၁) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသူ၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်များ၊

(၂) ကျေးရွာတာဝန်ခံများ၊ ရာအိမ်မှူးများအဖြစ် ရွေးချယ်ခြင်းခံရသူများ၏ အမည်စာရင်း နှင့် ကိုယ်ရေးအချက်အလက်များ၊

(၃) ဆယ်အိမ်မှူးများ၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်များ။"

၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုး ရမည် -

"၈။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ကြီးကြပ်ရေးအဖွဲ့က ပုဒ်မ ၇၊ ပုဒ်မခွဲ (ဇ) အရ တင်ပြလာသော အမည်စာရင်းပါ ပုဂ္ဂိုလ်များအား စိစစ်ပြီး ပုဒ်မ ၅ ပါ အရည်အချင်းများနှင့် ပြည့်စုံပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်ရမည်။ သက်ဆိုင်ရာ ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများအဖြစ် တာဝန်ပေးရမည်။"

၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၉။ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်။ ယင်း၏သက်တမ်းသည် တစ်ဆက်တည်း နှစ်ကြိမ်ထက်မပိုစေရ။ သို့ရာတွင် အုပ်ချုပ်ရေးမှူး သက်တမ်း၏ ထက်ဝက်ထက်မပိုသော ကြားဖြတ်တာဝန်ယူသည့်ကာလကို ရာထူးသက်တမ်းတစ်ခုဟု မသတ်မှတ်ရ။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် နိုင်ငံတော်သမ္မတ၏ သက်တမ်းသစ်ကာလတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအသစ် ရွေးချယ်ခန့်အပ် တာဝန်ပေးပြီးသည့်အချိန်အထိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး လုပ်ငန်းတာဝန်များကို စနစ်တကျ လွှဲပြောင်းပေးရမည်။"

၉။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဆ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဆ) ဤဥပဒေပါ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံဉာဏ်ရယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။"

၁၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၃ တွင် -

(က) ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(စ) ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၊ နေပြည်တော်ကောင်စီနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တို့ကဖြစ်စေ၊ ယင်းတို့၏ တာဝန်ပေးချက်အရ အစိုးရဌာန၊ အဖွဲ့အစည်းကဖြစ်စေ ဦးစီးကျင်းပသည့် အခမ်းအနားများနှင့် ပွဲများမှအပ အခြားအခမ်းအနားများ၊ အများပြည်သူသို့ ဖျော်ဖြေသည့် ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့အရပွဲများ ကျင်းပခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးထံ အသိပေးတင်ပြပြီး တာဝန်ယူ၊ တာဝန်ခံကျင်းပစေခြင်း၊"

(ခ) ပုဒ်မခွဲ (ဆ) ကို ပယ်ဖျက်ရမည်။

(ဂ) ပုဒ်မခွဲ (ည) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ည) အများပြည်သူနှင့်သက်ဆိုင်သည့် ဖျော်ဖြေမှု၊ အပန်းဖြေအနားယူမှုလုပ်ငန်းများ တည်ထောင်ခွင့် တောင်းခံလာပါက သဘောထားမှတ်ချက်ဖြင့် သက်ဆိုင်ရာသို့ တင်ပြခြင်း၊ ခွင့်ပြုချက်မရှိဘဲ ဖွင့်လှစ်လျှင်ဖြစ်စေ၊ စည်းကမ်းချက် မလိုက်နာလျှင်ဖြစ်စေ အရေးယူခြင်း၊ အရေးယူရန် အကြောင်းကြားခြင်း၊"

(ဃ) ပုဒ်မခွဲ (ဎ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဎ) တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးနှင့် လုံခြုံရေးတို့အတွက်စစ်ဆေးရန် လိုအပ်သော နေအိမ်ဥပစာနှင့် နေရာများကို လုံလောက်သော အကြောင်းပြချက်နှင့် အဖွဲ့ဖြင့် စနစ်တကျ ဝင်ရောက်စစ်ဆေးခြင်း၊"

(င) ပုဒ်မခွဲ (ဓ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဓ) ဖွားသေမှတ်ပုံတင်စာရင်းနှင့် အိမ်ထောင်စုပြောင်းရွှေ့ထွက်ခွာခြင်း၊ ပြောင်းရွှေ့ရောက်ရှိခြင်းနှင့် လူဦးရေစာရင်းများကို အချိန်နှင့်တစ်ပြေးညီ ပြုစုခြင်း၊"

(စ) ပုဒ်မခွဲ (ဝ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဝ) အများပြည်သူအကျိုးနှင့် ဒေသခံပြည်သူများ၏အကျိုးကို လတ်တလော ထိခိုက်စေမည့် ဘေးအန္တရာယ်များ ကျရောက်သဖြင့် အရေးပေါ်အခြေအနေ ပေါ်ပေါက်သည့်အခါ ဒေသခံပြည်သူတို့အတွက် အရေးကြီးပြီး တိုက်ရိုက်အကျိုးပြုသည့်လုပ်ငန်းကို ချက်ချင်း ဆောင်ရွက်ခြင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးထံ အမြန်ဆုံးတင်ပြခြင်း၊"

၁၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၅ ၏ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၅။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတစ်ဦးဦးနှင့် ပတ်သက်၍ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လျှင် စုံစမ်းစစ်ဆေးမှုပြုရန် လိုအပ်ပါက အဖွဲ့ဖြင့် စုံစမ်းစစ်ဆေးမှုပြုပြီး နုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်မှ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်း ပြုနိုင်သည်-"

၁၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေတွင် -

(က) ပုဒ်မ ၁၆ ၏ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတစ်ဦးဦးအား နုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်မှယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်း၊ ယာယီခွင့်ခံစားခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍-"

(ခ) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) တာဝန်မှ ယာယီရပ်ဆိုင်းခံရသည့်ကာလတွင်ဖြစ်စေ၊ နုတ်ထွက်ခြင်း၊ တာဝန်မှရပ်စဲခြင်း၊ ကွယ်လွန်ခြင်း သို့မဟုတ် အခြားအကြောင်းကြောင့် လစ်လပ်နေသည့် ကာလတွင်ဖြစ်စေ၊ ယာယီခွင့်ခံစားခွင့်ပြုသည့် ကာလတွင်ဖြစ်စေ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ တာဝန်ကို ထမ်းဆောင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၇၊ ပုဒ်မခွဲ (စ) အရ ဆန္ဒမဲဒုတိယအများဆုံးရရှိသည့် ရာအိမ်မှူးတစ်ဦးဦးအား ယာယီတာဝန်ပေးအပ်ရမည်။ ဆန္ဒမဲဒုတိယအများဆုံးရရှိသူက ဆောင်ရွက်နိုင်ခြင်း မရှိကြောင်း ပေါ်ပေါက်လျှင် သင့်လျော်သည့် ကျေးရွာတာဝန်ခံ သို့မဟုတ် ရာအိမ်မှူး တစ်ဦးဦးအား ယာယီတာဝန်ပေးအပ်ရမည်။"

၁၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၆ ၏နောက်တွင် ပုဒ်မ ၁၆-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၁၆-က။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတစ်ဦးဦးသည် ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (စ) ပါ ပြဋ္ဌာန်းချက်တစ်ခုခုအရ တာဝန်မှရပ်စဲခံရပါက တစ်ဆက်တစ်စပ်တည်းဖြစ်သော သက်တမ်းနှစ်ကြိမ်တွင် ပါဝင်ရွေးချယ်ခံခွင့် မရှိစေရ။"

၁၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်လနှင့်အထက် ကျော်လွန်၍ လာရောက်တည်းခို နေထိုင်သူများရှိပါက မှတ်တမ်းထားရှိနိုင်ရန်အတွက် သတ်မှတ်နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာ တာဝန်ရှိသူထံ အသိပေးအကြောင်းကြားရမည်။"

၁၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အများပြည်သူနှင့်သက်ဆိုင်သည့် ဖျော်ဖြေမှု၊ အပန်းဖြေအနားယူမှုလုပ်ငန်းများ တည်ထောင်လိုပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများထံမှ ခွင့်ပြုချက်ရယူရမည့်အပြင် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်။"

၁၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၂၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အခမ်းအနားများ၊ အများပြည်သူ ဖျော်ဖြေသည့် ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့အရ ပြုလုပ်သည့်ပွဲများကို ကျင်းပလိုပါက သက်ဆိုင်ရာတာဝန်ရှိသူထံ အသိပေးတင်ပြရမည့်အပြင် သတ်မှတ်ပေးထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်။"

၁၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၂၄ ၏ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းနေထိုင်သူများသည် အောက်ပါအခွင့်အရေးများကို ခံစားပိုင်ခွင့်ရှိသည်-"

၁၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၇။ မည်သူမဆို ပုဒ်မ ၁၈ နှင့် ပုဒ်မ ၁၉ ပါ တာဝန်ကို ဆောင်ရွက်ရန် ပျက်ကွက်လျှင် ထိုသူကို ကျပ်ငါးထောင်ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်ပါက ခုနစ်ရက်ထက်မပိုသော ထောင်ဒဏ်ကျခံစေရန် သက်ဆိုင်ရာတရားရုံးက ချမှတ်ရမည်။"

၁၉။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၃၃ ကို ပယ်ဖျက်ရမည်။

၂၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၃၄ ၏နောက်တွင် ပုဒ်မ ၃၄-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၃၄-က။ (က) ကျေးရွာတာဝန်ခံနှင့် ရာအိမ်မှူးများသည် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား လုံခြုံရေးနှင့်အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များအတွက် အကြံပေးခြင်း၊ အထောက်အကူပြုခြင်းတို့ ဆောင်ရွက်ရန် တာဝန်ရှိသည်။

(ခ) ဆယ်အိမ်မှူးများသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ လုံခြုံရေးနှင့်အုပ်ချုပ်ရေး လုပ်ငန်းများတွင် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူး၏ ဦးဆောင်စီမံမှုနှင့်အတူ ပါဝင်ဆောင်ရွက်ရန် တာဝန်ရှိသည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၉၁/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်

( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက် )

**နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ** (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၂။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး

ညွှန်ကြားရေးမှူးချုပ်

ပြည်ထောင်စုလွှတ်တော်ရုံး

**နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၂ )**

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်

( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) (၁) **ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး**ဆိုသည်မှာ လွှတ်တော်အသီးသီးက ရွေးချယ်တာဝန်ပေးအပ်သော လွှတ်တော်အဖွဲ့အစည်းများ၏ အကြီးအမှူးများနှင့် နိုင်ငံတော်သမ္မတက ခန့်အပ်သည့် ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများ၏ အကြီးအမှူး များကို ဆိုသည်။

(၂) **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး**ဆိုသည်မှာ နိုင်ငံတော်သမ္မတက ဝန်ထမ်း အဖွဲ့အစည်းတစ်ခုခုတွင် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးအဖြစ် တာဝန်ပေး ခန့်အပ်ခြင်းခံရသူကို ဆိုသည်။"

(ခ) ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(င) **ဝန်ထမ်း**ဆိုသည်မှာ ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်၏ ဖွဲ့စည်းပုံပါ ရာထူးတစ်ခုခုတွင် ခန့်အပ်ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းကို ဆိုသည်။ တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သော်လည်း ယင်းတို့၏ လုပ်ငန်းသဘာဝနှင့် တာဝန်တို့အရ ဤဥပဒေပါကိစ္စရပ်များနှင့် အကျုံးဝင်ခြင်းမရှိစေရ။"

(ဂ) ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(စ) **ဝန်ကြီးဌာနနှင့်အဖွဲ့အစည်း**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ ဝန်ကြီးဌာနအသီးသီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးဌာနအသီးသီးနှင့် ကိုယ်ပိုင်

အုပ်ချုပ်ခွင့်ရ စီရင်စုများကို ဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေပါကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ လွှတ်တော်ရုံးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရုံး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးနှင့် ဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ရုံးများလည်း ပါဝင်သည်။”

၃။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(က) သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူးသည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ ဝန်ထမ်းအမျိုးအစားအလိုက် သတ်မှတ်သည့် ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးအတွက် ရာထူးဝန်အဖွဲ့က ရွေးချယ်ပေးသော ဝန်ထမ်းများကို ခန့်ထားရမည်။”

၄။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ခ) တွင် ပါရှိသော “ပြည်ထောင်စုအစိုးရအဖွဲ့” ဆိုသည့် စကားရပ်ကို “ပြည်ထောင်စုအစိုးရအဖွဲ့ရုံး” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဌ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ဌ) ပြည်သူကို ရိုသေလေးစားစွာ ဝန်ဆောင်မှုပေးခြင်း။”

၆။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၁၅ တွင်ပါရှိသော “ဝန်ကြီးဌာနက လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသူ၏ ခွင့်ပြုချက်ဖြင့် ခွင့်ခံစားနိုင်သည်” ဆိုသည့်စကားရပ်ကို “ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းက လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသူ၏ ခွင့်ပြုချက်ဖြင့် ခွင့်ခံစားနိုင်သည်” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၁၇။ ဝန်ထမ်းသည် ခွင့်အမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့်အညီ ခွင့်ကို တောင်းခံပိုင်ခွင့်ရှိသည်။”

၈။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၂၂။ ဝန်ထမ်းသည် အငြိမ်းစားယူရမည့် အသက်ပြည့်သည့် နေ့ရက်မတိုင်မီ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ကို ပျမ်းမျှလစာဖြင့် ခံစားနိုင်သည်။ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ကို အချိန်မီ တောင်းခံခဲ့ရာတွင် ခွင့်ပေးပိုင်ခွင့်ရှိသူက တောင်းခံသည့် ခွင့်ကာလတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အများပြည်သူအကျိုးငှာ ငြင်းပယ်ခဲ့လျှင် ထိုငြင်းပယ်သည့်ခွင့်ကာလကို အငြိမ်းစားယူရမည့်နေ့ရက်မှစ၍ စတင်ခံစားခွင့်ရှိသည်။”

၉။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၄ ၏နောက်တွင် ပုဒ်မ ၂၄-ကကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“၂၄-က။ ဝန်ထမ်းသည် အရည်အချင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားမှုအပေါ် မူတည်၍ သက်ဆိုင်ရာ အရည်အချင်းစစ်ဆေးရေးအဖွဲ့၏ ထောက်ခံမှုအရ ချီးမြှင့်မြောက်စားသည့်အနေဖြင့် ရာထူးတိုးမြှင့်ခြင်းကို ခံစားပိုင်ခွင့်ရှိသည်။”

၁၀။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၃၉၊ ပုဒ်မ ၄၀၊ ပုဒ်မ ၄၃ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၄၆ တို့တွင်ပါရှိသော “ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး” ဆိုသည့်စကားရပ်ကို “ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး” ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၈ ပုဒ်မခွဲ (ဃ) တွင် ပါရှိသော “ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး” ဆိုသည့်စကားရပ်ကို “သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

၁၁။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၄၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၁။ ခိုင်လုံသော အထောက်အထားများအရ အပြစ်ရှိကြောင်း ပေါ်လွင်ထင်ရှားနေသည့်ကိစ္စတွင် ဝန်ထမ်းများအား ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းမပြုဘဲ ထိုက်သင့်သည့် ဝန်ထမ်းဆိုင်ရာပြစ်ဒဏ်ကို ချမှတ်နိုင်သည်။"

၁၂။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၄၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၉။ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသည် ဌာနဆိုင်ရာ စစ်ဆေးမှုနှင့်စပ်လျဉ်း၍ အမိန့်ချမှတ်ပြီး အမိန့်စာထုတ်ပြန်၍ သက်ဆိုင်ရာဝန်ထမ်းထံသို့ ပေးပို့ရမည်။ ထိုအမိန့်ကို မကျေနပ်ပါက အမိန့်စာကိုလက်ခံရရှိသည့်နေ့ရက်မှ စ၍ ခြောက်လအတွင်း သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူးထံ အယူခံလွှာတင်သွင်း နိုင်ကြောင်း အမိန့်စာတွင် ဖော်ပြရမည်။"

၁၃။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅၀။ ပုဒ်မ ၄ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများတွင် ခန့်ထားခြင်းခံရသော ဝန်ထမ်းများအား ဌာနဆိုင်ရာစစ်ဆေးမှုနှင့်စပ်လျဉ်း၍ ချမှတ်သည့်အမိန့်ကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးက အမိန့်စာထုတ်ပြန်၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်း၊ ဝန်ထမ်းထံသို့ပေးပို့ရမည်။ ထိုအမိန့်ကို မကျေနပ်ပါက အမိန့်စာကို လက်ခံရရှိသည့်နေ့ရက်မှစ၍ ခြောက်လအတွင်း သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူးထံ အယူခံလွှာ တင်သွင်းနိုင်ကြောင်း အမိန့်စာတွင် ဖော်ပြရမည်။"

၁၄။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၈ တွင်ပါရှိသော "အငြိမ်းစားယူနိုင်ခွင့်ရှိသည့် လုပ်သက်ပြည့်သောအခါ" ဆိုသည့်စကားရပ်ကို "လုပ်သက်နှစ် ၃၀ ပြည့်သောအခါ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၆၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆၂။ ဝန်ထမ်းက ပုဒ်မ ၅၈ အရ နှစ်ပြည့်ပင်စင်ခံစားခွင့် တောင်းခံသည့်အခါ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ငြင်းပယ်ခြင်းမပြုရ။"

၁၆။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၆၄ တွင်ပါရှိသော "လျော်ကြေးပင်စင်ခံစားခြင်း၊ ကွယ်လွန်အနိစ္စရောက်ခြင်း တစ်ခုခုဖြစ်ပါက လုပ်သက်ဆုငွေနှင့် ပင်စင်ခံစားခွင့်တို့ကို ရခွင့်ရှိသည်" ဆိုသည့်စကားရပ်ကို "လျော်ကြေး ပင်စင်ခံစားခြင်း၊ လျှော့ပေါ့ပင်စင်ခံစားခြင်း၊ ကွယ်လွန်အနိစ္စရောက်ခြင်း တစ်ခုခုဖြစ်ပါက လုပ်သက် ဆုငွေနှင့် ပင်စင်ခံစားခွင့်တို့ကို ရခွင့်ရှိသည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၇။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၇၄ တွင်ပါရှိသော "သက်ဆိုင်ရာဝန်ကြီးဌာနက" ဆိုသည့်စကားရပ်ကို "သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းက" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၆**

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်

( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် )

**နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီတွင် ဥက္ကဋ္ဌနေရာ ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း**

အမျိုးသားလွှတ်တော်၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့သည့် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီတွင် ဥက္ကဋ္ဌ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၄) မှ ဦးဇုန်လှယ်ထန်း **အစား** မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁) မှ ဒေါက်တာသန်းဝင်းအား ဥက္ကဋ္ဌအဖြစ် ပြောင်းလဲပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၁၆**

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်

( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် )

**ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီတွင် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးနေရာ အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း**

အမျိုးသားလွှတ်တော်၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့သည့် ကျန်းမာရေး၊ အားကစားနှင့်ယဉ်ကျေးမှုဆိုင်ရာကော်မတီတွင် ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁) မှ ဒေါက်တာသန်းဝင်း **အစား** ယင်းကော်မတီ၏ အတွင်းရေးမှူး မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၉) မှ ဒေါက်တာဇော်လင်းထွဋ် အား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အတွင်းရေးမှူး မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၉) မှ ဒေါက်တာဇော်လင်းထွဋ် **အစား** ယင်းကော်မတီ၏ အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁) မှ ဒေါက်တာစန်းမောင်မောင် အား အတွင်းရေးမှူးအဖြစ်လည်းကောင်း အစားထိုး ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၆**

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်
( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် )

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နေရာ အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း**

အမျိုးသားလွှတ်တော်၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ဥက္ကဋ္ဌကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁၁) မှ ဒေါက်တာခွန်ဝင်းသောင်း **အစား** မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၄) မှ ဦးအောင်ကြည်ညွန့်အား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အဖွဲ့ဝင် ဗိုလ်မှူးဝင်းသိန်း **အစား** တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ချစ်ဦး အား လည်းကောင်း အစားထိုး ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၉၆/၂၀၁၆**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်
( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက် )

အမျိုးသားလွှတ်တော်ရုံးမှ ညွှန်ကြားရေးမှူးချုပ်ဦးကြည်မင်းသည် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားယူရန်ငြင်းပယ်ထားသော ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားမည်ဖြစ်ပါသဖြင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာထွန်းအား ၎င်း၏ တာဝန်ဝတ္တရားများအပြင် အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်၏တာဝန်ဝတ္တရားများကိုပါ ခေတ္တပူးတွဲထမ်းဆောင် စေလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်
( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် )

အမှတ် ၈၂၆။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့စွဲပါ အမိန့်အမှတ် ၈၀/၂၀၁၅ ဖြင့် တရားရေးဝန်ထမ်းအဆင့် (၂) ရာထူးသို့ တစ်နှစ်လျှော့ချခြင်းခံရသော မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြူကြူစန်း (တ/၁၇၄၁) အား တရားရေး ဝန်ထမ်းအဆင့် (၁) ရာထူးသို့ ပြန်လည်ခန့်ထားပြီး ကရင်ပြည်နယ်တရားလွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူး ရာထူးနေရာကို ကျောထောက်နောက်ခံပြု၍ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူးအဖြစ် နေရာချထားလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် ၁၅၃/၂၀၁၆

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်
( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက် )

### ဦးစီးအရာရှိ ရာထူးခန့်ထားခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့တွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးနေရာ၌ ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှတစ်ဆင့် ရွေးချယ်ခေါ်ယူခဲ့သော ဒေါ်အေးသန္တာစိုး၊ [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၁၄/လမန (နိုင်) ၀၈၈၂၁၈ ] အား ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာအမှတ် ၈၀/၂၀၁၆

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်
( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက် )

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ပုဒ်မ ၂၅၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါ နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေ များဟု ခေါ်တွင်စေရမည်။

၂။ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ၁၅ တွင်-

(က) နည်းဥပဒေခွဲ (က) တွင်ပါရှိသော 'ထုတ်ဝေစာ ၄ အုပ် သို့မဟုတ် ၄ စောင်နှင့် Electronic Document' ဆိုသည့် စကားရပ်ကို 'ထုတ်ဝေစာ ၆ အုပ် သို့မဟုတ် ၆ စောင်' ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) နည်းဥပဒေခွဲ (ခ) နှင့် နည်းဥပဒေခွဲ (ခ) (၁) တို့ပါ 'နှင့် Electronic Document' ဆိုသည့် စကားရပ်တို့ကို ပယ်ဖျက်ရမည်။

(ဂ) ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ၁၅၊ နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေခွဲငယ် (၃) ၏ နောက်တွင် နည်းဥပဒေခွဲငယ် (၄) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-
'(၄) အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ ၂ အုပ် သို့မဟုတ် ၂ စောင်'

## (ဝန်ကြီးရုံး)

၁၃၇၈ ခုနှစ်၊ တန်ဆောင်းမုန်းလပြည့်ကျော် ၁၅ ရက်
( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက် )

အမှတ် ၆၁။ ။ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မန္တလေးခရိုင်ရုံးမှ ဒုတိယဦးစီးမှူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ဒေါ်ဝင်းပပထွန်းအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခန္တီးခရိုင်ရုံးတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးနေရာသို့ တာဝန်ထမ်းဆောင်သည့် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်
( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက် )

အမှတ် ၆၂။ ။ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံးမှ လွှဲပြောင်းပေးပို့သည့် အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) သို့ တွဲဖက်ထားသော အရန်အင်အားစာရင်းမှ ကြည်း ၃၄၀၂၃ ဗိုလ်မှူးမင်းမင်းနိုင်စိုးအား ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၌လစ်လပ်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူး ရာထူးနှင့်အဆင့်တူ လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ရာထူးတွင် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်
( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက် )

အမှတ် ၆၃။ ။ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ အောက်ဖော်ပြပါအမှုထမ်း (၁၃) ဦးအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** | **မူလရာထူး၊ လစာနှုန်း(ကျပ်)** | **တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း(ကျပ်)** |
|---|---|---|---|
| (၁) | ဒေါ်ခင်မမ<br>(ကပ-၃၉၄၁) | ရုံးအုပ် (စီမံ)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>စာပေဗိမာန်ရုံး | ဦးစီးအရာရှိ (စီမံ)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ရန်ကုန်ရုံး (စာပေဗိမာန်ရုံး-တွဲဖက်) |

| စဉ် | အမည် | မူလရာထူး၊<br>လစာနှုန်း(ကျပ်) | တိုးမြှင့်ခန့်ထားသည့်<br>ရာထူး၊ လစာနှုန်း(ကျပ်) |
|---|---|---|---|
| (၂) | ဒေါ်ခင်မျိုးကျော်<br>(ကပ-၁၄၉၅) | ရုံးအုပ် (စီမံ)<br>(၁၈၀,၀၀ဝ-၂,၀၀ဝ-၁၉၀,၀၀ဝ)<br>ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ | ဦးစီးအရာရှိ (စီမံ)<br>(၂၅၀,၀၀ဝ-၄,၀၀ဝ-၂၇၀,၀၀ဝ)<br>စီမံရေးရာဌာနခွဲ၊ ရန်ကုန်ရုံး |
| (၃) | ဒေါ်ဇင်မာထွေး<br>(ကပ-၆၃၈၉) | စာပေလက်ထောက်-၂<br>(၁၈၀,၀၀ဝ-၂,၀၀ဝ-၁၉၀,၀၀ဝ)<br>စာပေဗိမာန်ရုံး | စာတည်း<br>(၂၅၀,၀၀ဝ-၄,၀၀ဝ-၂၇၀,၀၀ဝ)<br>စာပေဗိမာန်ရုံး |
| (၄) | ဒေါ်သဥ္ဇာနွယ်<br>(ကပ-၆၄၆၉) | စာပေလက်ထောက်-၂<br>(၁၈၀,၀၀ဝ-၂,၀၀ဝ-၁၉၀,၀၀ဝ)<br>စာပေဗိမာန်ရုံး | စာတည်း<br>(၂၅၀,၀၀ဝ-၄,၀၀ဝ-၂၇၀,၀၀ဝ)<br>စာပေဗိမာန်ရုံး |
| (၅) | ဦးကျော်သူစိုး<br>(ကပ-၆၄၁၇) | စာပေလက်ထောက်-၂<br>(၁၈၀,၀၀ဝ-၂,၀၀ဝ-၁၉၀,၀၀ဝ)<br>စာပေဗိမာန်ရုံး | စာတည်း<br>(၂၅၀,၀၀ဝ-၄,၀၀ဝ-၂၇၀,၀၀ဝ)<br>စာပေဗိမာန်ရုံး |
| (၆) | ဦးကျော်ခိုင်ဝင်း<br>(ကပ-၄၇၀၆) | စာကြည့်တိုက်လက်ထောက်-၂<br>(၁၈၀,၀၀ဝ-၂,၀၀ဝ-၁၉၀,၀၀ဝ)<br>စာပေဗိမာန်ရုံး | စာကြည့်တိုက်မှူး<br>(၂၅၀,၀၀ဝ-၄,၀၀ဝ-၂၇၀,၀၀ဝ)<br>စာပေဗိမာန်ရုံး |
| (၇) | ဒေါ်တိုးတိုးရီ<br>(ကပ-၂၇၈၈) | ပုံနှိပ်ကျွမ်းကျင်-၁ (စီစဉ်ရေး)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ | ဦးစီးအရာရှိ (ပုံနှိပ်)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ |
| (၈) | ဦးခင်မောင်ထွန်း<br>(ကပ-၁၁၄၁) | ပုံနှိပ်ကျွမ်းကျင်-၁ (စာအုပ်ချုပ်)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>ဗဟိုပုံနှိပ်စက်ရုံ | ဦးစီးအရာရှိ (ပုံနှိပ်)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>နေပြည်တော်ပုံနှိပ်စက်ရုံ |
| (၉) | ဒေါ်ခင်ခင်ချို<br>(ကပ-၄၃၁၅) | ပုံနှိပ်ကျွမ်းကျင်-၁ (စီစဉ်ရေး)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>အထက်မြန်မာပြည်အစိုးရ<br>ပုံနှိပ်စက်ရုံ (မန္တလေး) | ဦးစီးအရာရှိ (ပုံနှိပ်)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>အထက်မြန်မာပြည်<br>အစိုးရပုံနှိပ်စက်ရုံ (မန္တလေး) |
| (၁၀) | ဒေါ်ခင်စမ်းမြင့်<br>(ကပ-၄၈၃၈) | ပုံနှိပ်ကျွမ်းကျင်-၁ (နှုန်းတွက်)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>ပုံနှိပ်ဌာနခွဲ၊ ရန်ကုန်ရုံး | ဦးစီးအရာရှိ (ပုံနှိပ်)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ပုံနှိပ်ဌာနခွဲ၊ ရန်ကုန်ရုံး |
| (၁၁) | ဒေါ်အေးမြတ်သူ<br>(ကပ-၅၉၀၃) | ဦးစီးမှူး (ထုတ်လုပ်)<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>ထုတ်လုပ်မှုဌာနခွဲ<br>နေပြည်တော် (ရုံးချုပ်) | ဦးစီးအရာရှိ (ထုတ်လုပ်)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ထုတ်လုပ်မှုဌာနခွဲ<br>နေပြည်တော် (ရုံးချုပ်) |
| (၁၂) | ဒေါ်တင်ဇာလွင်<br>(ကပ-၄၉၂၉) | စာရင်းကိုင်-၁<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>ငွေစာရင်းဌာနခွဲ၊ ရန်ကုန်ရုံး | ဦးစီးအရာရှိ (စာရင်း)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ငွေစာရင်းဌာနခွဲ၊ ရန်ကုန်ရုံး |
| (၁၃) | ဒေါ်သီသီခိုင်<br>(ကပ-၆၈၀၇) | စာရင်းကိုင်-၁<br>(၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀)<br>နေပြည်တော် (ရုံးချုပ်)<br>ဝန်ကြီးရုံး - တွဲဖက် | ဦးစီးအရာရှိ (စာရင်း)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>နေပြည်တော် (ရုံးချုပ်)<br>ဝန်ကြီးရုံး - တွဲဖက် |

၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်
( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက် )

အမှတ် ၆၄ ။ ။ ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအခန်း (၆)၊ ပုဒ်မ (၁၉) အရလည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာ နည်းဥပဒေများ အခန်း (၆)၊ နည်းဥပဒေ (၂၃) (၂၄) အရလည်းကောင်း ဗီဒီယိုလုပ်ငန်းများ စိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော စစ်ကိုင်းတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

**စစ်ကိုင်းတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ**

(က) ဦးမြတ်ကျော်ကျော် — ဥက္ကဋ္ဌ
တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး
စစ်ကိုင်းတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ခ) ရဲမှူးကြီး လူလူသန်း — အဖွဲ့ဝင်
တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး
စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး

(ဂ) ဦးသန့်ဇင် — အဖွဲ့ဝင်
တိုင်းဒေသကြီးဥပဒေအရာရှိ
စစ်ကိုင်းတိုင်းဒေသကြီးဥပဒေချုပ်ရုံး

(ဃ) ဦးမောင်မောင်စိုးဝင်း — အဖွဲ့ဝင်
လက်ထောက်အထွေထွေမန်နေဂျာ
စစ်ကိုင်းတိုင်းဒေသကြီးမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

(င) ဦးကျော်ဇေယျ — အဖွဲ့ဝင်
တိုင်းဒေသကြီးဦးစီးမှူး
စစ်ကိုင်းတိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန

(စ) ဦးဝင်းမြိုင် — အဖွဲ့ဝင်
တိုင်းဒေသကြီးဦးစီးမှူး
စစ်ကိုင်းတိုင်းဒေသကြီးပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ဆ) ဦးသာချို — အဖွဲ့ဝင်
ဥက္ကဋ္ဌ
စစ်ကိုင်းတိုင်းဒေသကြီးဗီဒီယိုအခြေခံအဖွဲ့ခွဲ

(ဇ) ဦးဇော်လင်း — အတွင်းရေးမှူး
တိုင်းဒေသကြီးဦးစီးမှူး
စစ်ကိုင်းတိုင်းဒေသကြီးမြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၀၅၂/၂၀၁၆**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၈ ရက် )

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်စွဲပါ (အမိန့်အမှတ်၊ ၁/၂၀၁၆) အရ ဦးအုန်းဝင်းအား သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခဲ့ပြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနနှင့် သတ္တုတွင်းဝန်ကြီးဌာနတို့အား တစ်ဌာနတည်း ပေါင်းစပ်ဖွဲ့စည်းခဲ့သဖြင့် ယခင်ဖွဲ့စည်းထားသော "ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီနှင့်သတ္တုတွင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ" (အစား) "သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှု ကော်မတီ" ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) ဦးအုန်းဝင်း — ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ခ) ဒေါက်တာညီညီကျော် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန

(ဂ) ဦးစောလွန်ရွှေဘ — အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့သစ်လုပ်ငန်း

(ဃ) ဦးဌေးအောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

(င) ဦးနေအေး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(စ) ဦးသန်းလှိုင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
မြေတိုင်းဦးစီးဌာန

(ဆ) ဒေါက်တာမြင့်ဦး — အဖွဲ့ဝင်
ပါမောက္ခချုပ်
သစ်တောတက္ကသိုလ်

(ဇ) ဦးဝင်းထိန် အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
သတ္တုတွင်းဦးစီးဌာန

(ဈ) ဒေါက်တာရဲမြင့်ဆွေ အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန

(ည) ဦးကျော်ဆန်း အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
အမှတ် (၁) သတ္တုတွင်းလုပ်ငန်း

(ဋ) ဦးသံဒိုင် အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
အမှတ် (၂) သတ္တုတွင်းလုပ်ငန်း

(ဌ) ဦးအောင်ညွှန့်သိန်း အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

(ဍ) ဦးမင်းမင်းဦး အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

(ဎ) ဦးခင်မောင်ရီ အတွင်းရေးမှူး
အမြဲတမ်းအတွင်းဝန်
(ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ)

(ဏ) ဦးဌေးအောင် အတွင်းရေးမှူး
အမြဲတမ်းအတွင်းဝန်
(သတ္တုရေးရာ)

(တ) ဦးဝင်းဇော် တွဲဖက်အတွင်းရေးမှူး
ဒုတိယအမြဲတမ်းအတွင်းဝန်
(ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ)

(ထ) ဒေါက်တာသိန်းစိုး တွဲဖက်အတွင်းရေးမှူး
ဒုတိယအမြဲတမ်းအတွင်းဝန်
(သတ္တုရေးရာ)

၂။ ဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) နိုင်ငံတော်အကြီးအကဲများ၏ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် ညွှန်ကြားချက်များ၊ နိုင်ငံတော်အဆင့်ဖွဲ့စည်းထားသည့် ဗဟိုကော်မတီ၊ ဦးစီးကော်မတီအသီးသီး၏ ညွှန်ကြားချက်များ၊ နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်များမှ ညွှန်ကြားချက်များအရ ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ နိုင်ငံတော်အကြီးအကဲများမှ တာဝန်ပေးအပ်ထားသည့် အထူးစီမံကိန်းဆိုင်ရာ လုပ်ငန်းများ၊ ဝန်ကြီးဌာန၏ မူဝါဒရေးရာကိစ္စရပ်များ၊ မမျှော်လင့်ထားသော သဘာဝ ဘေးအန္တရာယ်များ ကျရောက်ပါက မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်းရပ်များကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန်။

(ခ) ဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် တက္ကသိုလ်တို့၏ ဖွဲ့စည်းပုံတိုးချဲ့ခြင်း၊ ဝန်ထမ်းများခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နုတ်ထွက်ခြင်း၊ အပြစ်ပေးအရေးယူခြင်းစသည့်ကိစ္စရပ်များနှင့် သက်သာချောင်ချိရေးဆိုင်ရာလုပ်ငန်းများကို ကော်မတီသို့တင်ပြစေ၍ စနစ်တကျကြီးကြပ်ဆောင်ရွက်ရန်။

(ဂ) နိုင်ငံတော်ဘဏ္ဍာငွေ အရ/အသုံးဆိုင်ရာလုပ်ငန်းများ၊ ရသုံးမှန်းခြေငွေစာရင်းခွင့်ပြုချက်များအရ အသုံးစရိတ်ကျခံရခြင်းများ၊ ဝန်ကြီးဌာနရန်ပုံငွေမှ သုံးစွဲဆောင်ရွက်ရမည့်လုပ်ငန်းရပ်များ၊ BE/ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရေးကြပ်မတ်ရန်။

(ဃ) နိုင်ငံခြားတိုင်းပြည်နှင့် ဆက်သွယ်ဆောင်ရွက်ရသောကိစ္စရပ်များ၊ နှစ်နိုင်ငံသဘောတူညီမှုလက်မှတ်ရေးထိုးရေးကိစ္စရပ်များ၊ နိုင်ငံခြားငွေသုံးစွဲမှုနှင့် အကျုံးဝင်သောကိစ္စရပ်များ၊ လေလံတင်ရောင်းချရေးကိစ္စရပ်များ၊ တင်ဒါခေါ်ယူဆောင်ရွက်ပြီးစီးမှုကိစ္စရပ်များကို ကော်မတီသို့ တင်ပြစေ၍ ကော်မတီမှဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရေးစိစစ်ကြပ်မတ်ရန်။

(င) တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့တို့မှ ညှိနှိုင်းလာသော ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ ဌာနပိုင်မြေနှင့် အဆောက်အဦများငှားရမ်းခြင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်းနှင့် အထွေထွေကိစ္စရပ်များ ဆွေးနွေးဆုံးဖြတ်သွားရန်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၀၅၃/၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၉ ရက် )

### အီမောဘွန်းအမျိုးသားဥယျာဉ်အဖြစ်သတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၄ ခုနှစ်၊ ဇွန်လတွင်ထုတ်ပြန်သည့် တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ ပုဒ်မ (၈) ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို ကျင့်သုံးလျက် ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ချီဖွေမြို့နယ်နှင့် ဆော့လော်မြို့နယ်အတွင်း ကျရောက်နေသည့် အကျယ်အဝန်း ၃၈၆၀၇၆ ဧက၊ (၆၀၃. ၄) စတုရန်းမိုင်ရှိမြေကို သဘာဝဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းကာကွယ်ရန်အလို့ငှာ **"အီမောဘွန်းအမျိုးသားဥယျာဉ်"** အဖြစ် ၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်၊ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်မှစတင်၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

**နယ်နိမိတ်အလားအလာဖော်ပြချက်**

၁။ နယ်နိမိတ်လားရာဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

မြောက်ဘက် ။ ။ အီမောဘွန်း အမျိုးသားဥယျာဉ်ဖွဲ့စည်းမည့် ဧရိယာ၏ မြောက်ဘက်နယ်နိမိတ်သည် ဆော့လော်မြို့နယ်နှင့် ခေါင်လန်ဖူးမြို့ နယ်ခြားနယ်နိမိတ်မြေပုံညွှန်းအမှတ် (92J-193173) မှ အရှေ့ဘက်သို့ (၂၂) မိုင်ခန့် မြို့နယ်ခြားနယ်နိမိတ် အတိုင်းမြေပုံညွှန်း (92J-480346) အထိ။

အရှေ့ဘက် ။ ။ အရှေ့ဘက်နယ်နိမိတ်သည် ဆော့လော်မြို့နယ်နှင့် ခေါင်လန်ဖူးမြို့နယ်ခြားနယ်နိမိတ်မြေပုံညွှန်း (92J-480346) မှ တောင်ဘက်သို့ (၅၉) မိုင်ခန့်၊ မြန်မာ-တရုတ်နယ်စပ်နယ်နိမိတ်တစ်လျှောက် ဝဆုတ်တောင်ကြော မြေပုံညွှန်း (92J-467421) အထိ။

တောင်ဘက် ။ ။ တောင်ဘက်နယ်နိမိတ်သည် ဝဆုတ်တောင်ကြောမြေပုံညွှန်း (92J-467421) မှ မြောက်ဘက်သို့ (၄) မိုင်ခန့်အကွာ မြန်မာ-တရုတ်နယ်စပ် နယ်နိမိတ်တလျှောက်ပေါ်ရှိ တောင်ထိပ် မြေပုံညွှန်း (92J-449487) အထိ၊ ၎င်းမှ အရှေ့မြောက်ယွန်းယွန်းသို့ (၄) ဖာလုံခန့်အကွာ မြေပုံညွှန်း (92J-454493) အထိ၊ ၎င်းမှ အရှေ့တောင်ယွန်းယွန်းသို့ (၃) မိုင်ခန့်အကွာ မြေပုံညွှန်းအမှတ် (92J-500469) အထိ၊ ၎င်းမှ မြောက်ဘက်သို့ (၂) မိုင်ခန့်အကွာ မြေပုံညွှန်းအမှတ် (92J-490503) အထိ၊ ၎င်းမှ မြောက်ဘက်သို့ ဆူကီ တောင်ကြောကိုဖြတ်၍ (၃) မိုင် (၄) ဖာလုံခန့်အကွာ ဖော်တီချောင်းဖျားအထိ၊ ၎င်းမှ ဖော်တီချောင်းအတွင်းသို့စီးဝင်သော မချီတာချောင်းရိုးအတိုင်း ချောင်းဖျားအထိ (၂) မိုင် (၄) ဖာလုံအကွာရှိ မြေပုံညွှန်းအမှတ် (92J-498593) အထိ၊ ၎င်းမှ အနောက်တောင် ယွန်းယွန်းရှိ ကျန်ရှိတောင်ကြောအတိုင်း (၁) မိုင်ခန့်အကွာရှိ မြေပုံညွှန်း အမှတ် (92J-481583) အထိ၊ ၎င်းမှ အနောက်ဘက်သို့ (၆) မိုင်ခန့်အကွာ မြေပုံညွှန်း (92J-392562) အထိ၊ ၎င်းမှ မြောက်ဘက်သို့ (၁၅) မိုင်ခန့်အကွာ် မြေပုံညွှန်း (92J-447807) အထိ၊ ၎င်းမှ အနောက်တောင်ယွန်းယွန်းသို့ (၃. ၅) မိုင်ခန့်အကွာ ငေါ်ချမ်းခမြစ်အတွင်းသို့ စီးဝင်သောချောင်းဖျားရှိ မြေပုံညွှန်း (92J-394781) အထိ၊ ၎င်းမှ အနောက်တောင် ယွန်းယွန်းသို့ (၂) မိုင်ခန့်အကွာရှိ မြေပုံညွှန်း (92J-358767) အထိ၊ ၎င်းမှ အနောက် တောင်ယွန်းယွန်းသို့ (၁၉) မိုင်ခန့်အကွာ မြေပုံညွှန်း (92J-315427) အထိ၊ ၎င်းမှ အနောက် ယွန်းယွန်းသို့ (၁၀) မိုင်ခန့်အကွာ မြေပုံညွှန်း (92J-144402) အထိ။

အနောက်ဘက်။ ။ အနောက်ဘက်နယ်နိမိတ်သည် မြေပုံညွှန်းအမှတ် (92J-144402) မှ မြောက်ဘက်သို့ (၇) မိုင်ခန့် အကွာ ဟမော်ခေါင်ချောင်းဖျား မြေပုံညွှန်းအမှတ် (92J-124527) အထိ၊ ၎င်းမှ အရှေ့ဘက်သို့ (၅) မိုင်ခန့်အကွာ မြေပုံညွှန်းအမှတ် (92J-208524) အထိ၊ ၎င်းမှ အရှေ့မြောက်ဘက်သို့ (၂. ၅) မိုင်ခန့်အကွာ စကောက်ချောင်းဖျား မြေပုံညွှန်းအမှတ် (92J-222559) အထိ၊ ၎င်းမှ အနောက်မြောက်ယွန်းယွန်း အီမောဘွန်းတောင်ခါးပန်း အတိုင်း (၄) မိုင်ခန့်အကွာ မြေပုံညွှန်းအမှတ် (92J-181608) အထိ၊ ၎င်းမှ အရှေ့မြောက်ယွန်းယွန်း (၁၀) မိုင်ခန့်အကွာ ချီငေါ်တောင်ကြော မြေပုံညွှန်းအမှတ် (92J-239755) အထိ၊ ၎င်းမှ အနောက်မြောက်ယွန်းယွန်း (၄) မိုင်ခန့်အကွာ ဖမော်ချောင်း ဖျား မြေပုံညွှန်းအမှတ် (92J-193796) အထိ၊ ၎င်းမှ အနောက်ဘက်သို့ (၃) မိုင်ခန့်အကွာ ဖမော်ချောင်းအတွင်းသို့ စီးဝင်သောချောင်းဖျား မြေပုံညွှန်းအမှတ် (92J-147782) အထိ၊ ၎င်းမှ အနောက်မြောက်ယွန်းယွန်း (၇) မိုင်ခန့် အကွာ မော်ချောင်း မြေပုံညွှန်းအမှတ် (92J-109873) အထိ၊ ၎င်းမှ အရှေ့မြောက်ယွန်းယွန်း ဝလောင်တောင်ကြောကိုဖြတ်၍ (၅) မိုင်ခန့်အကွာ မိုင်မောချောင်းဖျား မြေပုံညွှန်းအမှတ် (92J-171919) အထိ၊ ၎င်းမှ အရှေ့ဘက်သို့ ဖလိတောင်ကြောကိုဖြတ်၍ (၇) မိုင်ခန့်အကွာ လောင်းချောင်း မြေပုံညွှန်းအမှတ် (92J-267933) အထိ၊ ၎င်းမှ အရှေ့တောင်ယွန်းယွန်းသို့ (၁၂) မိုင်ခန့်အကွာ အမြင့်မီတာ (၃၄၇၁) ရှိ တောင်ထိပ် မြေပုံညွှန်းအမှတ် (92J-451873) အထိ၊ ၎င်းမှ အနောက်မြောက်ယွန်းယွန်းသို့ မိုင် (၂၀) ခန့်အကွာ ထာမီချောင်း မြေပုံညွှန်းအမှတ် (92J-312195) အထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့ (၂) မိုင်ခန့်အကွာ မြေပုံညွှန်းအမှတ် (92J-293182) အထိ၊ ၎င်းမှ တောင်ဘက်သို့ (၁၀) မိုင်ခန့်အကွာ ဖကျချောင်းအနီး မြေပုံညွှန်းအမှတ် (92J-289018) အထိ၊ ၎င်းမှ အနောက်မြောက် ယွန်းယွန်းသို့ (၈) မိုင်ခန့်အကွာ တရမ်ရှာတောင်ခြေ မြေပုံညွှန်းအမှတ် (92J-239149)

အထိ၊ ၎င်းမှ အနောက်မြောက်ယွန်းယွန်း (၃) မိုင်ခန့်အကွာ ဆော့လော်မြို့နယ်နှင့် ခေါင်လန်ဖူးမြို့နယ်ခြားနယ်နိမိတ် မြေပုံညွှန်းအမှတ် (92J-193173) အထိ။

**တားမြစ်ချက်များ**

၂။ အီမောဘွန်းအမျိုးသားဥယျာဉ်အဖြစ် တည်ထောင်ရန် ရည်ရွယ်သည့် နယ်မြေအတွင်း အောက်ဖော်ပြပါ တားမြစ်ချက်များကို မပြုလုပ်ရန် တားမြစ်လိုက်သည် -

(က) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ခ) အမျိုးသားဥယျာဉ်နယ်မြေအတွင်း အဆိပ်အတောက်ဖြစ်စေသောပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(ဂ) အမျိုးသားဥယျာဉ်နယ်မြေအတွင်း ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင် အဆိပ်ခတ်ခြင်း၊

(ဃ) ကာကွယ်ထားသည့်တိရစ္ဆာန်များအပါအဝင် မည်သည့်တောရိုင်းတိရစ္ဆာန်ကိုမျှ အမျိုးသားဥယျာဉ်နယ်မြေအတွင်း ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ၎င်း၏အစိတ်အပိုင်းကိုဖြစ်စေ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင် ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း လုံးဝမပြုလုပ်ရ၊

(င) အမျိုးသားဥယျာဉ်နယ်မြေအတွင်း မည်သည့်သဘာဝအပင်ကိုမဆို ခုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း လုံးဝမပြုလုပ်ရ၊

(စ) အမျိုးသားဥယျာဉ်နယ်မြေအတွင်း သက်ရှိသက်မဲ့ ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထားအတိုင်း တစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(ဆ) လူတို့ မွေးမြူထားသော တိရစ္ဆာန်ကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

(ဇ) မြေကို တူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခုလုပ်ကိုင်ခြင်း၊

(ဈ) အများပြည်သူကြည့်ရှုလေ့လာ အပန်းဖြေခွင့်ပြုထားသော နေရာများမှအပ တားမြစ်ထားသော နေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(ည) အမျိုးသားဥယျာဉ်နယ်မြေအတွင်း မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွှေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်ထားရှိခြင်း။

**ပဏာမစိစစ်ရေးအဖွဲ့**

၃။ အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်တည်ထောင်မည့် နယ်မြေရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးနိုင်ရန်နှင့် နယ်မြေသတ်မှတ် တည်ထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (င) အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များပါဝင်သည့် ပဏာမစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | |
|---|---|---|
| (က) | မြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ချီဖွေမြို့နယ်၊ မြစ်ကြီးနားခရိုင်၊ ကချင်ပြည်နယ် | ဥက္ကဋ္ဌ |
| (ခ) | မြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ဆော့လော်မြို့နယ်၊ မြစ်ကြီးနားခရိုင်၊ ကချင်ပြည်နယ် | ဒု-ဥက္ကဋ္ဌ |
| (ဂ) | ဦးစီးအရာရှိ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန<br>ချီဖွေမြို့နယ်၊ မြစ်ကြီးနားခရိုင်၊ ကချင်ပြည်နယ် | အဖွဲ့ဝင် |

(ဃ) ဦးစီးအရာရှိ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဆော့လော်မြို့နယ်၊ မြစ်ကြီးနားခရိုင်၊ ကချင်ပြည်နယ် အဖွဲ့ဝင်

(င) မြို့နယ်ဦးစီးဌာနမှူး၊ သစ်တောဦးစီးဌာန၊ ဝိုင်းမော်မြို့နယ် မြစ်ကြီးနားခရိုင်၊ ကချင်ပြည်နယ် အတွင်းရေးမှူး

၄။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေအရ အရေးယူခြင်းခံရမည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၂/ ၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၂ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၇ ရက် )

၁။ အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီလုပ်ငန်းကော်မတီ ASEAN Forum on Coal (AFOC) Inplementation Committee ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြန်လည်ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) ဦးဝင်းထိန် ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
သတ္တုတွင်းဦးစီးဌာန

(ခ) ဒေါက်တာရဲမြင့်ဆွေ ဒုတိယဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန

(ဂ) ဦးကျော်ဆန်း ဒုတိယဥက္ကဋ္ဌ
ဦးဆောင်ညွှန်ကြားရေးမှူး
အမှတ် (၁) သတ္တုတွင်းလုပ်ငန်း

(ဃ) ဦးခင်လတ်ကြီး အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
သတ္တုတွင်းဦးစီးဌာန

(င) ဦးထွန်းထွန်းလွင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အမှတ် (၁) သတ္တုတွင်းလုပ်ငန်း

(စ) ဦးအုန်းလွင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
သတ္တုတွင်းဦးစီးဌာန

(ဆ) ဒေါက်တာဇော်လင်းအောင် အဖွဲ့ဝင်
ဘူမိဗေဒအရာရှိကြီး
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန

(ဇ) ဦးခင်ဦး အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
သတ္တုတွင်းဦးစီးဌာန

(ဈ) ဦးအုံးစိုးရင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
သတ္တုတွင်းဦးစီးဌာန

(ည) ဒေါက်တာနေဇာလင်း — အဖွဲ့ဝင်
အင်ဂျင်နီယာမှူး
အမှတ် (၁) သတ္တုတွင်းလုပ်ငန်း

(ဋ) ဦးကျော်သက် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
သတ္တုတွင်းဦးစီးဌာန

(ဌ) ဒေါက်တာမြင့်စိုး — တွဲဖက်အတွင်းရေးမှူး (၁)
ညွှန်ကြားရေးမှူး
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန

(ဍ) ဦးအောင်မြတ်သူ — တွဲဖက်အတွင်းရေးမှူး (၂)
ဒုတိယညွှန်ကြားရေးမှူး
အမှတ် (၁) သတ္တုတွင်းလုပ်ငန်း

၂။ အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီလုပ်ငန်းကော်မတီ ASEAN Forum on Coal (AFOC) Inplementation Committee ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီအစည်းအဝေးဆုံးဖြတ်ချက်များအရ နှစ်အလိုက် ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အာဆီယံနိုင်ငံများထံမှ အချက်အလက်များ တောင်းခံခြင်း၊ သဘောထားမှတ်ချက်များတောင်းခံခြင်း၊ သဘောထားမှတ်ချက်များ ပြန်ကြားခြင်း၊ Workshop များပြုလုပ်ခြင်း၊ သင်တန်းများပြုလုပ်ခြင်း စသည်တို့ကို ဝန်ကြီးဌာနကိုယ်စားပြု ဆောင်ရွက်ရန်၊

(ခ) မြန်မာနိုင်ငံမှ ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူထားသည့် ပုဂ္ဂလိကပါဝင်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစာတမ်းနှင့် ကျောက်မီးသွေး၏ အလားအလာနှင့် အသုံးပြုခြင်းစာတမ်းများ ပြုစုနိုင်ရန် အာဆီယံနိုင်ငံများထံမှ အချက်အလက်များတောင်းခံခြင်း၊ သဘောထားမှတ်ချက်များ တောင်းခံခြင်းများ ဆောင်ရွက်ရန်၊

(ဂ) အခါအားလျော်စွာ ပေါ်ပေါက်လာသော အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီနှင့် ဆက်စပ်သည့် ကိစ္စရပ်များ ဆောင်ရွက်ရန်။

၃။ သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၄၂/၂၀၁၃) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အုန်းဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၂၈၀/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်

( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက် )

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီးဌာနအမှုဆောင်ကော်မတီဖွဲ့စည်းခြင်း**

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီးဌာနအမှုဆောင်ကော်မတီအား အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဥက္ကဋ္ဌ<br>ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | အဖွဲ့ဝင် |
| (ဃ) | ဥက္ကဋ္ဌ<br>မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ည) | ဦးဆောင်ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ဋ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း | အဖွဲ့ဝင် |
| (ဌ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း | အဖွဲ့ဝင် |
| (ဍ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ပ) | အမြဲတမ်းအတွင်းဝန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဖ) | ဒုတိယအမြဲတမ်းအတွင်းဝန် (စွမ်းအင်) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး (၁) |
| (ဗ) | ဒုတိယအမြဲတမ်းအတွင်းဝန် (စွမ်းအင်) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး (၂) |

၂။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ အမှုဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) မိမိဝန်ကြီးဌာနလက်အောက်ရှိ ဌာန/အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရ အဖွဲ့နှင့် ဝန်ကြီးဌာနများမှ ထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် ညီညွတ်စွာဆောင်ရွက်ခြင်းရှိ/မရှိ စိစစ်ကြပ်မတ်၍ လိုအပ်သည်များကို ညွှန်ကြားပေးခြင်း၊

(ခ) ကော်မတီသည် မိမိဝန်ကြီးဌာနလက်အောက်ရှိ ဝန်ထမ်းအဖွဲ့အစည်းများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိကျစွာသတ်မှတ်ပေးရန်နှင့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ ဝန်ဆောင်မှု အဖွဲ့အစည်းများတွင် တာဝန်ခံဆောင်ရွက်ရသည့်ပုဂ္ဂိုလ်များအားလည်း လုပ်ငန်းအရ တာဝန်ရှိမှု တာဝန်ခံမှုတို့ကို စနစ်တကျသတ်မှတ်၍ တိကျသောလုပ်ပိုင်ခွင့်များ သတ်မှတ် ဆောင်ရွက်စေခြင်း၊

(ဂ) ကော်မတီသည် နိုင်ငံတော်၏စီမံကိန်းများအရ အကောင်အထည်ဖော်ရမည့် လုပ်ငန်းများနှင့် အခြားဌာနဆိုင်ရာလုပ်ငန်းများကို ထိရောက်အောင်မြင်စွာနှင့် လျင်မြန်သွက်လက်စွာ အကောင် အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများကို လုပ်ငန်းသဘာဝနှင့် လျော်ညီစွာ စီမံခန့်ခွဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများကို စနစ်တကျ ဆောင်ရွက်ပေးခြင်း၊

(ဃ) ဝန်ကြီးဌာန၏ စီမံကိန်းလျာချက်များနှင့် ရသုံးမှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားရန် အဆိုပြုချက်များကို ကော်မတီသို့ ဦးစွာတင်ပြစေ၍ အသေးစိတ်စိစစ်မှုနှင့် ဆန်းစစ်မှုများ ပြုလုပ်ပေးခြင်း၊

(င) ရသုံးမှန်းခြေငွေစာရင်း ခွင့်ပြုချက်များအရ အသုံးစရိတ်ကျခံရခြင်းများနှင့်ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှုရှိစေရေးအတွက် စိစစ်ကြပ်မတ် ပေးခြင်း၊

(စ) မိမိဝန်ကြီးဌာနအတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ်တိကျစွာစိစစ်၍ ဘဏ္ဍာနှစ် လျာထားချက် ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ပေးခြင်း၊

(ဆ) နှစ်အလိုက် ခွဲဝေခွင့်ပြုထားသော ဘဏ္ဍာငွေများသုံးစွဲရာတွင် သုံးငွေများ စီမံခန့်ခွဲခြင်းများ တင်ပြအတည်ပြုချက် ရယူပြီးသည့်အတိုင်း သုံးစွဲရန်နှင့် ခြိုးခြံချွေတာရေး ရငွေသုံးသွေတို့အတွက် ပြဌာန်းထားသည့်ဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရေးစိစစ်ကြပ်မတ်ပေးခြင်း၊

(ဇ) ဥပဒေ (မူကြမ်း) နည်းဥပဒေလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းဥပဒေစသည်များ ရေးဆွဲထုတ်ပြန်ရေး ကိစ္စရပ်များကို ကော်မတီသို့ တင်ပြစေ၍ စနစ်တကျကြီးကြပ်ဆောင်ရွက်ပေးခြင်း၊

(ဈ) ဝန်ကြီးဌာနလက်အောက်ရှိ ဝန်ထမ်းဖွဲ့စည်းပုံအသစ်ဖွဲ့စည်းခြင်း၊ တိုးချဲ့ဖွဲ့စည်းခြင်း၊ ပြောင်းလဲ ဖွဲ့စည်းခြင်းဆိုင်ရာ ကိစ္စပ်များ၊ အရာထမ်းများ၏ ခန့်ထားရေး/ရာထူးတိုးမြှင့်ခြင်းဆိုင်ရာကိစ္စရပ် များ၊ ဝန်ထမ်းရေးရာနှင့် ပတ်သက်သော မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များ၊

အပြစ်ပေး/အရေးယူခြင်းဆိုင်ရာကိစ္စရပ်များကို ကော်မတီသို့ တင်ပြစေ၍ စနစ်တကျ စိစစ်ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊

(ည) နိုင်ငံခြားတိုင်းပြည်များနှင့် ဆက်သွယ်ဆောင်ရွက်ရသောကိစ္စရပ်များ၊ နိုင်ငံခြားငွေသုံးစွဲမှုနှင့် အကျုံးဝင်သော ကိစ္စရပ်များ၊ ပြည်ပပို့ကုန်/သွင်းကုန်နှင့်သက်ဆိုင်သော ကိစ္စရပ်များ၊ တင်ဒါရွေးချယ်ရေး ကိစ္စရပ်များ၊ လေလံတင်ရောင်းချရေးကိစ္စရပ်များကို ကော်မတီသို့တင်ပြစေ၍ ကော်မတီက ဥပဒေ၊ လုပ်ထုံးလုပ်နည်း စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ကြပ်မတ်ပေးခြင်း၊

(ဋ) ပြည်ထောင်စုဝန်ကြီး အမှုဆောင်ကော်မတီသို့တင်ပြလာသည့် ကြီးကြပ်မှုအောက် လုပ်ငန်း/ဌာနများတွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီများ၏ ဆုံးဖြတ်ချက်များအား စိစစ်ပြီးနောက် မှတ်တမ်းတင်ပြီး။

၃။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ မေလ ၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၁၆) ကို ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဖေဇင်ထွန်း၊
ပြည်ထောင်စုဝန်ကြီး၊
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးဝန်ကြီးဌာန**

**ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ်၊ ၆/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်
(၂၀၁၆ ခုနှစ်၊ မေလ ၁၈ ရက်)

**ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာကြီးကြပ်ရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း**

ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့သည် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ည) နှင့် ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်လိုက်သည်-

၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) **ဖွဲ့စည်းပုံ**

| | | |
|---|---|---|
| (၁) | လူမှုရေးဝန်ကြီး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၃) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူး၊ လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အခွန်ဦးစီးဌာနမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မီးသတ်ဦးစီးဌာနမှူး၊ မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ကိုယ်စားလှယ်တစ်ဦး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (၈) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ သင့်လျော်သော ဆေးရုံအုပ်ကြီးတစ်ဦး | အဖွဲ့ဝင် |
| (၉) | ကိုယ်စားလှယ်တစ်ဦး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ကိုယ်စားလှယ်တစ်ဦး၊ မြန်မာနိုင်ငံဆရာဝန်အသင်းခွဲ | အဖွဲ့ဝင် |
| (၁၁) | ကိုယ်စားလှယ်တစ်ဦး၊ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းခွဲ | အဖွဲ့ဝင် |
| (၁၂) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကုသရေးဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကုသရေးဦးစီးဌာန | အတွင်းရေးမှူး |

(ခ) **လုပ်ငန်းတာဝန်များ**

(၁) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ကို တာဝန်ခံခြင်း၊

(၂) နိုင်ငံတော်၏ကျန်းမာရေးမူဝါဒနှင့်အညီ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအောင် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(၃) ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလုပ်ငန်း လိုင်စင်လျှောက်ထားသူများကို ဗဟိုအဖွဲ့၏ အမိန့်၊ ညွှန်ကြားချက်များနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ခြင်း၊ ကြီးကြပ်ခြင်း၊ အဖွဲ့ဖြင့် စစ်ဆေး၍ လိုင်စင် ထုတ်ပေးခြင်း၊

(၄) ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလုပ်ငန်းမှအပ အခြား ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း လိုင်စင်လျှောက်ထားမှုများကို မြို့နယ်/ခရိုင် ကြီးကြပ်ရေးကော်မတီများက စိစစ်တင်ပြလာပါက အဖွဲ့ဖြင့် စစ်ဆေးပြီး သဘောထားမှတ်ချက်နှင့်တကွ ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(၅) လိုင်စင်ခွင့်ပြုပြီး ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းများက လိုင်စင် သက်တမ်းတိုး လျှောက်ထားလာပါက သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ကာ သက်တမ်းတိုးမြှင့်ပေးခြင်း၊

(၆) လိုင်စင်ခွင့်ပြုပြီး ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလုပ်ငန်းမှအပ အခြား ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများက ၎င်းတို့၏လိုင်စင်သက်တမ်းတိုးမြှင့်ပေးနိုင်ပါရန် လျှောက်ထားလာခြင်းအပေါ် သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ကာ ဗဟိုအဖွဲ့သို့ ဆက်လက်တင်ပြခြင်း၊

(၇) ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလုပ်ငန်း တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ် ဆောက်လုပ်ရန် သို့မဟုတ် လက်ရှိ အဆောက်အအုံကို ပြုပြင်ရန် ကြိုတင်ခွင့်ပြုချက်လျှောက်ထားမှုအပေါ် စိစစ်ပြီး ကြိုတင်ခွင့်ပြုချက်ထုတ်ပေးခြင်း၊

(၈) ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလုပ်ငန်းမှအပ အခြား ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း တစ်ရပ်ရပ်တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ် ဆောက်လုပ်ရန်

သို့မဟုတ် လက်ရှိအဆောက်အအုံကို ပြုပြင်ရန် ကြိုတင်ခွင့်ပြုချက် လျှောက်ထားမှုအပေါ် သဘောထားမှတ်ချက်နှင့်အတူ ဗဟိုအဖွဲ့သို့တင်ပြခြင်း၊

(၉) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းလိုင်စင် လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်းကိစ္စရပ်များအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊ ဗဟိုအဖွဲ့၏ ညွှန်ကြားချက်အရ လိုက်နာဆောင်ရွက်ခြင်း၊

(၁၀) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း အရည်အသွေးထိန်းသိမ်းမြှင့်တင်ရေးအဖွဲ့များနှင့် ပူးပေါင်း ညှိနှိုင်း၍ စံချိန်စံညွှန်း ကျင့်စဉ်များ စိစစ်ခြင်း၊ စစ်ဆေးခြင်း၊ ကြပ်မတ်ဆောင်ရွက်ခြင်းနှင့် လိုအပ်ချက်များရှိပါက ဗဟိုအဖွဲ့၏ အတည်ပြုချက်ရယူ၍ ညွှန်ကြားခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊

(၁၁) ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလုပ်ငန်း လိုင်စင်ရရှိသူက လိုင်စင်စည်းကမ်းများ လိုက်နာရန် ပျက်ကွက်ပါက သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်က ဥပဒေပြဋ္ဌာန်းချက်ပါ ၎င်း၏ တာဝန် ဝတ္တရားများ လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ပါက လိုင်စင်ရရှိသူအား စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်များဖြစ်သည့် သတိပေးခြင်း၊ သတ်မှတ်ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊ လိုင်စင်ကို ကာလ အကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းနှင့် လိုအပ်ပါက လိုင်စင်ကို ပယ်ဖျက်ခြင်း၊

(၁၂) ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်း ကျန်းမာရေးစောင့်ရှောက်မှုပေးသူက ဥပဒေပြဋ္ဌာန်းချက်ပါ ၎င်း၏ တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက လိုအပ်သလို အရေးယူ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ မြန်မာနိုင်ငံဆေးကောင်စီ၊ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီ သို့မဟုတ် သူနာပြုနှင့် သားဖွားဆိုင်ရာကောင်စီသို့ အကြောင်းကြားခြင်း၊

(၁၃) နှစ်အလိုက် ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလိုင်စင် ခွင့်ပြုမှု၊ သက်တမ်းတိုးမှု အခြေ အနေတို့အား ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(၁၄) ဘဏ္ဍာရေးနှစ်အလိုက် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ လိုင်စင်ကြေးရရှိမှုနှင့် သက်တမ်းတိုး လိုင်စင်ကြေး ရရှိမှုအခြေအနေတို့အား ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(၁၅) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကျန်းမာရေးစာရင်းအင်းများ ရရှိနိုင်ရေး လိုအပ်သည်များ ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊

(၁၆) လိုင်စင်သက်တမ်း ၂ ကြိမ်ထက် ကျော်လွန်၍ သက်တမ်းတိုးဆောင်ရွက်ခြင်းမပြုသော ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလိုင်စင်ကို ပယ်ဖျက်ခြင်း၊

(၁၇) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများကို အခါအားလျော်စွာ စစ်ဆေးခြင်း၊

(၁၈) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့က အခါအားလျော်စွာ ပေးအပ်လာသော တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

၂။ နေပြည်တော် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဖွဲ့စည်းပုံ

| | |
|---|---|
| (၁) နေပြည်တော်ကောင်စီဝင်၊ နေပြည်တော်ကောင်စီ | ဥက္ကဋ္ဌ |
| (၂) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) နေပြည်တော်ရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| (၄) ညွှန်ကြားရေးမှူး၊ လမ်းဦးစီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၅) | နေပြည်တော်အခွန်ဦးစီးဌာနမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | နေပြည်တော်မီးသတ်ဦးစီးဌာနမှူး၊ မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ကိုယ်စားလှယ်တစ်ဦး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၈) | နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သင့်လျော်သော ဆေးရုံအုပ်ကြီးတစ်ဦး | အဖွဲ့ဝင် |
| (၉) | ကိုယ်စားလှယ်တစ်ဦး၊ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ကိုယ်စားလှယ်တစ်ဦး၊ မြန်မာနိုင်ငံဆရာဝန်အသင်းခွဲ | အဖွဲ့ဝင် |
| (၁၁) | ကိုယ်စားလှယ်တစ်ဦး၊ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းခွဲ | အဖွဲ့ဝင် |
| (၁၂) | နေပြည်တော်ကုသရေးဦးစီးဌာနမှူး | အတွင်းရေးမှူး |

## (ခ) လုပ်ငန်းတာဝန်များ

(၁) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ကို တာဝန်ခံခြင်း၊

(၂) နိုင်ငံတော်၏ ကျန်းမာရေးမူဝါဒနှင့်အညီ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအောင် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(၃) ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလုပ်ငန်း လိုင်စင်လျှောက်ထားသူများကို ဗဟိုအဖွဲ့၏ အမိန့်၊ ညွှန်ကြားချက်များနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ခြင်း၊ ကြီးကြပ်ခြင်း၊ အဖွဲ့ဖြင့် စစ်ဆေး၍ လိုင်စင်ထုတ်ပေးခြင်း၊

(၄) ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလုပ်ငန်းမှအပ အခြား ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်း လိုင်စင်လျှောက်ထားမှုများကို မြို့နယ်/ခရိုင် ကြီးကြပ်ရေးကော်မတီများက စိစစ်တင်ပြလာပါက အဖွဲ့ဖြင့် စစ်ဆေးပြီး သဘောထားမှတ်ချက်နှင့်တကွ ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(၅) လိုင်စင်ခွင့်ပြုပြီး၊ ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းများက လိုင်စင် သက်တမ်းတိုး လျှောက်ထားလာပါက သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ကာ သက်တမ်း တိုးမြှင့်ပေးခြင်း၊

(၆) လိုင်စင်ခွင့်ပြုပြီး ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလုပ်ငန်းမှအပ အခြားပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများက ၎င်းတို့၏ လိုင်စင်သက်တမ်းတိုးမြှင့်ပေးနိုင်ပါရန် လျှောက်ထား လာခြင်းအပေါ် သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ကာ ဗဟိုအဖွဲ့သို့ ဆက်လက်တင်ပြခြင်း၊

(၇) ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလုပ်ငန်း တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ် ဆောက်လုပ်ရန် သို့မဟုတ် လက်ရှိ အဆောက်အအုံကို ပြုပြင်ရန် ကြိုတင်ခွင့်ပြုချက်လျှောက်ထားလာမှုအပေါ် စိစစ်ပြီး ကြိုတင်ခွင့်ပြုချက်ထုတ်ပေးခြင်း၊

(၈) ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလုပ်ငန်းမှအပ အခြား ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းတစ်ရပ်ရပ်တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံ အသစ် ဆောက်လုပ်ရန် သို့မဟုတ် လက်ရှိ အဆောက်အအုံကို ပြုပြင်ရန် ကြိုတင်ခွင့်ပြုချက် လျှောက်ထားမှုအပေါ် သဘောထားမှတ်ချက်နှင့်အတူ ဗဟိုအဖွဲ့သို့တင်ပြခြင်း၊

(၉) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းလိုင်စင် လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်းကိစ္စရပ်များအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် ဗဟိုအဖွဲ့သို့တင်ပြခြင်း၊ ဗဟိုအဖွဲ့၏ ညွှန်ကြားချက်အရ လိုက်နာဆောင်ရွက်ခြင်း၊

(၁၀) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း အရည်အသွေးထိန်းသိမ်းမြှင့်တင်ရေးအဖွဲ့များနှင့် ပူးပေါင်း ညှိနှိုင်း၍ စံချိန်စံညွှန်း ကျင့်စဉ်များ စိစစ်ခြင်း၊ စစ်ဆေးခြင်း၊ ကြပ်မတ်ဆောင်ရွက်ခြင်းနှင့် လိုအပ်ချက်များရှိပါက ဗဟိုအဖွဲ့၏ အတည်ပြုချက်ရယူ၍ ညွှန်ကြားခြင်း၊ ကြီးကြပ် ကွပ်ကဲခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊

(၁၁) ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလုပ်ငန်း လိုင်စင်ရရှိသူက လိုင်စင်စည်းကမ်းများ လိုက်နာရန် ပျက်ကွက်ပါက သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်က ဥပဒေပြဋ္ဌာန်းချက်ပါ ၎င်း၏ တာဝန်ဝတ္တရားများ လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ပါက လိုင်စင်ရရှိသူအား စီမံခန့်ခွဲရေး ဆိုင်ရာ အမိန့်များဖြစ်သည့် သတိပေးခြင်း၊ သတ်မှတ်ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊ လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းနှင့် လိုအပ်ပါက လိုင်စင်ကို ပယ်ဖျက်ခြင်း၊

(၁၂) ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်း ကျန်းမာရေးစောင့်ရှောက်မှုပေးသူက ဥပဒေ ပြဋ္ဌာန်းချက်ပါ ၎င်း၏ တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ မြန်မာနိုင်ငံဆေးကောင်စီ၊ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီ သို့မဟုတ် သူနာပြုနှင့် သားဖွားဆိုင်ရာကောင်စီသို့ အကြောင်းကြားခြင်း၊

(၁၃) နှစ်အလိုက် ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလိုင်စင် ခွင့်ပြုမှု၊ သက်တမ်းတိုးမှု အခြေအနေတို့အား ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(၁၄) ဘဏ္ဍာရေးနှစ်အလိုက် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ လိုင်စင်ကြေးရရှိမှုနှင့် သက်တမ်းတိုး လိုင်စင်ကြေးရရှိမှုအခြေအနေတို့အား ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(၁၅) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကျန်းမာရေးစာရင်းအင်းများ ရရှိနိုင်ရေး လိုအပ် သည်များ ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊

(၁၆) လိုင်စင်သက်တမ်း ၂ ကြိမ်ထက် ကျော်လွန်၍ သက်တမ်းတိုးဆောင်ရွက်ခြင်းမပြုသော ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလိုင်စင်ကို ပယ်ဖျက်ခြင်း၊

(၁၇) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများကို အခါအားလျော်စွာ စစ်ဆေးခြင်း၊

(၁၈) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့က အခါအားလျော်စွာ ပေးအပ်လာသော တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

**၃။ ခရိုင် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာကြီးကြပ်ရေးကော်မတီ**

ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**(က) ဖွဲ့စည်းပုံ**

| | | |
|---|---|---|
| (၁) | ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ခရိုင်ရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| (၃) | လက်ထောက်ညွှန်ကြားရေးမှူး၊ လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အခွန်ဦးစီးဌာနမှူး၊ ပြည်တွင်း အခွန်များဦးစီးဌာနက တာဝန်ပေးအပ်သည့် ကိုယ်စားလှယ် | အဖွဲ့ဝင် |

(၅) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မီးသတ်ဦးစီးဌာနမှူး၊ မီးသတ်ဦးစီးဌာနက တာဝန်ပေးအပ်သည့် ကိုယ်စားလှယ် — အဖွဲ့ဝင်

(၆) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ပေးအပ်သည့် ကိုယ်စားလှယ် — အဖွဲ့ဝင်

(၇) ကိုယ်စားလှယ်တစ်ဦး၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ — အဖွဲ့ဝင်

(၈) ကိုယ်စားလှယ်တစ်ဦး၊ မြန်မာနိုင်ငံဆရာဝန်အသင်းခွဲ — အဖွဲ့ဝင်

(၉) ကိုယ်စားလှယ်တစ်ဦး၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းခွဲ — အဖွဲ့ဝင်

(၁၀) ခရိုင်ကုသရေးဦးစီးဌာနမှူး၊ ခရိုင်ကုသရေးဦးစီးဌာန — အတွင်းရေးမှူး

( ခ ) **လုပ်ငန်းတာဝန်များ**

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီကို တာဝန်ခံခြင်း၊

(၂) နိုင်ငံတော်၏ကျန်းမာရေးမူဝါဒနှင့်အညီ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအောင် မြို့နယ်ကြီးကြပ်ရေးကော်မတီအား ကြီးကြပ်ဆောင်ရွက်ခြင်း၊

(၃) ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလုပ်ငန်း လိုင်စင်လျှောက်ထားသူများကို ဗဟိုအဖွဲ့၏ အမိန့်၊ ညွှန်ကြားချက်များနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ခြင်း၊ ကြီးကြပ်ခြင်း၊ အဖွဲ့ဖြင့် စစ်ဆေး၍ လိုင်စင်ထုတ်ပေးနိုင်ရန် သဘောထားမှတ်ချက်နှင့်တကွ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီသို့ ဆက်လက်တင်ပြခြင်း၊

(၄) ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလုပ်ငန်းမှအပ အခြား ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း လိုင်စင်လျှောက်ထားမှုများကို မြို့နယ်ကြီးကြပ်ရေးကော်မတီများက စိစစ် တင်ပြလာပါက အဖွဲ့ဖြင့် စစ်ဆေးပြီး သဘောထားမှတ်ချက်နှင့်တကွ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီသို့ ဆက်လက်တင်ပြခြင်း၊

(၅) လိုင်စင်ခွင့်ပြုပြီး ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းများက လိုင်စင်သက်တမ်းတိုးလျှောက်ထားလာပါက သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ကာ သက်တမ်းတိုးမြှင့်ပေးနိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီသို့ ဆက်လက်တင်ပြခြင်း၊

(၆) လိုင်စင်ခွင့်ပြုပြီး ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလုပ်ငန်းမှအပ အခြား ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများက ၎င်းတို့၏ လိုင်စင်သက်တမ်းတိုးမြှင့်ပေးနိုင်ပါရန် လျှောက်ထားလာခြင်းအပေါ် သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ကာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီသို့ ဆက်လက်တင်ပြခြင်း၊

(၇) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများအတွက် အဆောက်အအုံသစ်များ ဆောက်လုပ်ခြင်း သို့မဟုတ် ပြုပြင်ခြင်းကိစ္စရပ်များကို ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ၊ အခန်း (၆)၊ အခန်း (၇)၊ အခန်း (၈) အရ စိစစ်ကြီးကြပ်စစ်ဆေး၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာကြီးကြပ်ရေးကော်မတီသို့ သဘောထားမှတ်ချက်နှင့်တကွ တင်ပြခြင်း၊

(၈) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း အရည်အသွေးထိန်းသိမ်းမြှင့်တင်ရေးအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်း၍ စံချိန်စံညွှန်း ကျင့်စဉ်များ စိစစ်ခြင်း၊ စစ်ဆေးခြင်း၊ ကြပ်မတ်ဆောင်ရွက်ခြင်းနှင့် လိုအပ်ချက်များ

ရှိပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီ၏ အတည်ပြုချက်ရယူ၍ ညွှန်ကြားခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊

(၉) မြို့နယ် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီမှ ပုဂ္ဂလိက ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ တင်ပြချက်များအပေါ် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းချက်များနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ခြင်း၊ ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊

(၁၀) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ပြဿနာများအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီသို့ တင်ပြကာ လမ်းညွှန်မှုအရ ဆက်လက်ဆောင်ရွက်ခြင်း၊

(၁၁) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများကို အခါအားလျော်စွာ စစ်ဆေးခြင်း၊

(၁၂) ဗဟိုအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီတို့က အခါအားလျော်စွာ ပေးအပ်လာသော တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

၄။ **မြို့နယ်ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာကြီးကြပ်ရေးကော်မတီ**

ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန် များမှာ အောက်ပါအတိုင်းဖြစ်သည်-

## (က) ဖွဲ့စည်းပုံ

| | | |
|---|---|---|
| (၁) | မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်ရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| (၃) | ဦးစီးအရာရှိ၊ လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | မြို့နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | မြို့နယ်မီးသတ်ဦးစီးဌာနမှူး၊ မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (၇) | ကိုယ်စားလှယ်တစ်ဦး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ | အဖွဲ့ဝင် |
| (၈) | ကိုယ်စားလှယ်တစ်ဦး၊ မြန်မာနိုင်ငံဆရာဝန်အသင်းခွဲ | အဖွဲ့ဝင် |
| (၉) | မြို့နယ်ကုသရေးဦးစီးဌာနမှူး၊ မြို့နယ်ကုသရေးဦးစီးဌာန | အတွင်းရေးမှူး |

## (ခ) လုပ်ငန်းတာဝန်များ

(၁) သက်ဆိုင်ရာ ခရိုင် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီကို တာဝန်ခံခြင်း၊

(၂) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းလိုင်စင်လျှောက်လွှာများအား သတ်မှတ်ချက်များအတိုင်း စိစစ်လက်ခံ၍ သဘောထားမှတ်ချက်နှင့်တကွ ခရိုင်ကြီးကြပ်ရေးကော်မတီသို့ တင်ပြခြင်း၊

(၃) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ၏ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်း၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေးများကို စိစစ်ခြင်း၊ နိုင်ငံတော်သို့ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ပေးသွင်းခြင်း၊ စာရင်းဇယား ထိန်းသိမ်းခြင်း၊

(၄) ဘဏ္ဍာရေးနှစ်အလိုက် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ လိုင်စင်ကြေးရရှိမှုနှင့် သက်တမ်းတိုး လိုင်စင်ကြေး ရရှိမှုအခြေအနေတို့အား တင်ပြခြင်း၊

(၅) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း လိုင်စင် သက်တမ်းတိုးလျှောက်ထားလာမှုအပေါ် စိစစ်ကာ ခရိုင် ကြီးကြပ်ရေးကော်မတီမှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာကြီးကြပ်ရေးကော်မတီသို့ တင်ပြခြင်း၊

(၆) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ခရိုင် ကြီးကြပ်ရေး ကော်မတီများ၏ ညွှန်ကြားချက်အရ ကြီးကြပ်ခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှု အရည်အသွေး ထိန်းသိမ်းခြင်း၊

(၇) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံ အသစ် ဆောက်လုပ်ရန် သို့မဟုတ် လက်ရှိ အဆောက်အအုံကို ပြုပြင်ရန် ကြိုတင်ခွင့်ပြုချက် လျှောက်ထားမှုအပေါ် စိစစ်ပြီး သဘောထားမှတ်ချက်နှင့်တကွ ခရိုင်ကြီးကြပ်ရေးကော်မတီမှ တစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီသို့ တင်ပြခြင်း၊

(၈) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ပြဿနာများအား ခရိုင်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီများသို့ တင်ပြကာ လမ်းညွှန်မှုအရ ဆက်လက်ဆောင်ရွက်ခြင်း၊

(၉) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကျန်းမာရေးစာရင်းအင်းများ ရရှိနိုင်ရေး လိုအပ်သည်များ ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊

(၁၀) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများကို အခါအားလျော်စွာ စစ်ဆေးခြင်း၊

(၁၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ခရိုင် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေး ကော်မတီတို့က အခါအားလျော်စွာ ပေးအပ်လာသောတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

ဒေါက်တာမြင့်ထွေး
ပြည်ထောင်စုဝန်ကြီး
ဥက္ကဋ္ဌ၊ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်နယ်အစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်
( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက် )

ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၁၉၄၁/၂၀၁၆ အရ မွန်ပြည်နယ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည့် မွန်ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့် (ပ/၃၂၅၅) သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) အရ မွန်ပြည်နယ်အစိုးရအဖွဲ့၏အတွင်းရေးမှူးတာဝန်ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၂၂) ရက်နေ့ နံနက်မှစ၍ ထမ်းဆောင်သည်။

မင်းမင်းဦး
ဝန်ကြီးချုပ်
မွန်ပြည်နယ်အစိုးရအဖွဲ့

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက် ( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

## နိုင်ငံတော်သမ္မတရုံး

### အမိန့်ကြော်ငြာစာအမှတ် ၁၇၉/၂၀၁၆

၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်

( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက် )

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအပိုဒ် (၈၇) နှင့် (၈၉) တို့ပါပြဋ္ဌာန်းချက်များအရ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်အား မလေးရှားနိုင်ငံသို့ သွားရောက်ရန်အတွက် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့မှ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ လုပ်သက်ခွင့် (၆) ရက်ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက် (စနေနေ့) နှင့် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက် (တနင်္ဂနွေနေ့) များ ဆက်စပ်လျက် ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် ၁၈၀/၂၀၁၆

နိုင်ငံတော်သမ္မတရုံးဖွဲ့စည်းပုံတွင် လစ်လပ်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူးရာထူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) နေရာများတွင် အောက်ပါဦးစီးအရာရှိများကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့ ညနေပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

(၁) ဦးစန်းယု
(၂) ဒေါ်တင်တင်အေး
(၃) ဦးဇော်မြင့်ဝင်း
(၄) ဒေါ်စောသီတာအောင်
(၅) ဒေါ်ခိုင်ခိုင်ဝင်း
(၆) ဒေါ်စန်းစန်းအေး
(၇) ဒေါ်စန္ဒာကျော်
(၈) ဒေါ်လှဲ့လှဲ့မွန်
(၉) ဒေါ်ကေသီညွန့်
(၁၀) ဒေါ်စုစု

ဝင်းကျော်အောင်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

# ပြည်သူ့လွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၂၅/၂၀၁၆)

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်
( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက် )

၁။ ပြည်သူ့လွှတ်တော်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေလုလုသော်အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏အပိုဒ် ၈၇ အရ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက် နံနက်ပိုင်းမှ ညနေပိုင်းထိ လုပ်သက်ခွင့် (၁) ရက် ခံစားခွင့်ပြုကြောင်းနှင့် ခွင့်ခံစားနေစဉ်ကာလအတွင်း ဌာနချုပ်မှ ထွက်ခွာခွင့်ပြုလိုက်သည်။

၂။ ခွင့်မှပြန်လာသောအခါ ဒေါ်မေလုလုသော်အား လက်ထောက်ညွှန်ကြားရေးမှူး၏တာဝန်များကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်တွင် ပြန်လည်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၂၆/၂၀၁၆)

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်
( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက် )

၁။ ပြည်သူ့လွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဇော်လတ်အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏အပိုဒ် ၈၇ အရ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက် နံနက်ပိုင်းမှ ဒီဇင်ဘာလ ၁၅ ရက်နေ့ ညနေပိုင်းထိ လုပ်သက်ခွင့် (၃) ရက် ခံစားခွင့်ပြုကြောင်းနှင့် ခွင့်ခံစားနေစဉ်ကာလအတွင်း ဌာနချုပ်မှထွက်ခွာခွင့်ပြုလိုက်သည်။

၂။ ခွင့်မှပြန်လာသောအခါ ဦးဝင်းဇော်လတ်အား ဒုတိယညွှန်ကြားရေးမှူး၏တာဝန်များကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်တွင် ပြန်လည်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

၃။ ယခင်လုပ်သက်ခွင့်ဖြစ်သော ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၂၀၁၆) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ) တင်ဝင်းအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့လွှတ်တော်ရုံး။

# အမျိုးသားလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၈၈/၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်
( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက် )

အမျိုးသားလွှတ်တော်ရုံးသို့ လွှဲပြောင်းအမှုထမ်းဆောင်စေလိုက်သော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကလေးခရိုင် လက်ထောက်ညွှန်ကြားရေးမှူးရုံးမှ လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နိုင်အေးအား လစာနှုန်းတူရာထူးဖြစ်သော လက်ထောက်ညွှန်ကြားရေးမှူးရာထူးနေရာ၌ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ ခန့်ထားတာဝန်ပေးအပ်လိုက်သည်။

(ပုံ) ကြည်မင်း၊
ညွှန်ကြားရေးမှူးချုပ်၊
အမျိုးသားလွှတ်တော်ရုံး။

# စစ်ရာထူးခန့်ချုပ်ရုံး
# (ကြည်းတပ်ဌာနစု)

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်
( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက် )

အမှတ် ၁၆၁/၂၀၁၆။ ။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၈) မှ အောက်ဖော်ပြပါ ဗိုလ်လောင်းများအား ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

| | | |
|---|---|---|
| (၁) | ညဏ်မင်းအောင် | ကြည်း ၇၁၃၃၃ |
| (၂) | ရဲလင်းထွန်း | ကြည်း ၇၁၃၃၄ |
| (၃) | စိုးမင်းထက် | ကြည်း ၇၁၃၃၅ |
| (၄) | ဇင်မိုးထွန်း | ကြည်း ၇၁၃၃၆ |
| (၅) | ဖြိုးကိုကို | ကြည်း ၇၁၃၃၇ |
| (၆) | မင်းမြင့်ကျော်ဇော | ကြည်း ၇၁၃၃၈ |
| (၇) | ဇေယျာလင်း | ကြည်း ၇၁၃၃၉ |
| (၈) | သိန်းတိုးအောင် | ကြည်း ၇၁၃၄၀ |
| (၉) | ဘိုဘိုထွေး | ကြည်း ၇၁၃၄၁ |
| (၁၀) | နေအောင်လွင် | ကြည်း ၇၁၃၄၂ |
| (၁၁) | ရဲကိုကို | ကြည်း ၇၁၃၄၃ |
| (၁၂) | အောင်ပိုင်ဆု | ကြည်း ၇၁၃၄၄ |
| (၁၃) | ကျော်မျိုးခန့် | ကြည်း ၇၁၃၄၅ |
| (၁၄) | ရဲဝဏ္ဏမျိုး | ကြည်း ၇၁၃၄၆ |
| (၁၅) | ညီဇင်သက် | ကြည်း ၇၁၃၄၇ |
| (၁၆) | နေလဝင်း | ကြည်း ၇၁၃၄၈ |
| (၁၇) | ဇင်ကိုဟိန်းထက် | ကြည်း ၇၁၃၄၉ |
| (၁၈) | စိုးထက်လင်း | ကြည်း ၇၁၃၅၀ |
| (၁၉) | ဖြိုးဝင်းနိုင် | ကြည်း ၇၁၃၅၁ |
| (၂၀) | ဖြိုးကိုကိုလင်း | ကြည်း ၇၁၃၅၂ |
| (၂၁) | နိုင်ဝင်းထွန်း | ကြည်း ၇၁၃၅၃ |
| (၂၂) | နေလင်းဇင်မောင် | ကြည်း ၇၁၃၅၄ |
| (၂၃) | နေလင်းကျော် | ကြည်း ၇၁၃၅၅ |
| (၂၄) | ရန်နိုင်ထွဏ်း | ကြည်း ၇၁၃၅၆ |
| (၂၅) | အောင်ကောင်းမြတ် | ကြည်း ၇၁၃၅၇ |
| (၂၆) | သက်ဇော်ဦး | ကြည်း ၇၁၃၅၈ |
| (၂၇) | အေးဖြိုးကျော် | ကြည်း ၇၁၃၅၉ |
| (၂၈) | အောင်ကိုကို | ကြည်း ၇၁၃၆၀ |
| (၂၉) | အောင်အေးကျော် | ကြည်း ၇၁၃၆၁ |
| (၃၀) | သန့်ဇော်ထက် | ကြည်း ၇၁၃၆၂ |
| (၃၁) | ထင်လင်းခန့် | ကြည်း ၇၁၃၆၃ |
| (၃၂) | ဆန်းထိုက်ဦး | ကြည်း ၇၁၃၆၄ |

| | | |
|---|---|---|
| (၃၃) | မင်းသိမ်းကျော် | ကြည်း ၇၁၃၆၅ |
| (၃၄) | ပိုင်လင်းထက် | ကြည်း ၇၁၃၆၆ |
| (၃၅) | ထွန်းနေလင်း | ကြည်း ၇၁၃၆၇ |
| (၃၆) | ဆန်းအောင်ဆန်း | ကြည်း ၇၁၃၆၈ |
| (၃၇) | သော်ဇင်ထက် | ကြည်း ၇၁၃၆၉ |
| (၃၈) | ရဲသွေး | ကြည်း ၇၁၃၇၀ |
| (၃၉) | ကောင်းထက်ပိုင် | ကြည်း ၇၁၃၇၁ |
| (၄၀) | အောင်မြင့်မိုရ် | ကြည်း ၇၁၃၇၂ |
| (၄၁) | ဝေလွင်ကျော် | ကြည်း ၇၁၃၇၃ |
| (၄၂) | ဝေဇင်ဟိဏ်း | ကြည်း ၇၁၃၇၄ |
| (၄၃) | မင်းစိုးသူ | ကြည်း ၇၁၃၇၅ |
| (၄၄) | နိုင်လင်းထွဋ် | ကြည်း ၇၁၃၇၆ |
| (၄၅) | ညီညီအောင် | ကြည်း ၇၁၃၇၇ |
| (၄၆) | ဉာဏ်လင်းထွဋ် | ကြည်း ၇၁၃၇၈ |
| (၄၇) | စိုးထက်နိုင် | ကြည်း ၇၁၃၇၉ |
| (၄၈) | စိုးမင်းထက် | ကြည်း ၇၁၃၈၀ |
| (၄၉) | ဖြိုးသီဟကျော် | ကြည်း ၇၁၃၈၁ |
| (၅၀) | ဟန်ဝင်းကောင်း | ကြည်း ၇၁၃၈၂ |
| (၅၁) | ဟိန်းစိုးလတ် | ကြည်း ၇၁၃၈၃ |
| (၅၂) | စိုးပိုင်ထက် | ကြည်း ၇၁၃၈၄ |
| (၅၃) | နေဟိန်းဆင့် | ကြည်း ၇၁၃၈၅ |
| (၅၄) | ခွန်နိုင်ဝဏ္ဏ | ကြည်း ၇၁၃၈၆ |
| (၅၅) | မြတ်လင်းထွန်း | ကြည်း ၇၁၃၈၇ |
| (၅၆) | သန့်စင်အောင် | ကြည်း ၇၁၃၈၈ |
| (၅၇) | ထူးအောင်ကို | ကြည်း ၇၁၃၈၉ |
| (၅၈) | အာကာဖြိုးသူ | ကြည်း ၇၁၃၉၀ |
| (၅၉) | ထွန်းလင်းဦး | ကြည်း ၇၁၃၉၁ |
| (၆၀) | ရန်အောင် | ကြည်း ၇၁၃၉၂ |
| (၆၁) | ကျော်သက်ဦး | ကြည်း ၇၁၃၉၃ |
| (၆၂) | အေးချမ်းပိုင် | ကြည်း ၇၁၃၉၄ |
| (၆၃) | အောင်ဘုန်းခန့် | ကြည်း ၇၁၃၉၅ |
| (၆၄) | ပြည့်စုံ | ကြည်း ၇၁၃၉၆ |
| (၆၅) | ကောင်းခန့် | ကြည်း ၇၁၃၉၇ |
| (၆၆) | အာကာကျော် | ကြည်း ၇၁၃၉၈ |
| (၆၇) | အောင်ဘုန်းမြင့် | ကြည်း ၇၁၃၉၉ |
| (၆၈) | ဝေယံမောင် | ကြည်း ၇၁၄၀၀ |
| (၆၉) | ထူးအောင်ဝေ | ကြည်း ၇၁၄၀၁ |
| (၇၀) | သက်မင်းစိုး | ကြည်း ၇၁၄၀၂ |
| (၇၁) | မြင့်သူအောင် | ကြည်း ၇၁၄၀၃ |
| (၇၂) | စွမ်းထက်ဦး | ကြည်း ၇၁၄၀၄ |

| | | |
|---|---|---|
| (၇၃) | လှိုင်မင်းသောင် | ကြည်း ၇၁၄၀၅ |
| (၇၄) | အောင်ခန့်ဇော် | ကြည်း ၇၁၄၀၆ |
| (၇၅) | ဟိန်းမင်းသန့် | ကြည်း ၇၁၄၀၇ |
| (၇၆) | ရဲလင်းထိုက် | ကြည်း ၇၁၄၀၈ |
| (၇၇) | အောင်ကိုမြတ် | ကြည်း ၇၁၄၀၉ |
| (၇၈) | မင်းထင်ကျော် | ကြည်း ၇၁၄၁၀ |
| (၇၉) | ဇင်မင်းဦး | ကြည်း ၇၁၄၁၁ |
| (၈၀) | ဆက်ပိုင်ထွေး | ကြည်း ၇၁၄၁၂ |
| (၈၁) | ဝေဖြိုး | ကြည်း ၇၁၄၁၃ |
| (၈၂) | ဧချမ်းကို | ကြည်း ၇၁၄၁၄ |
| (၈၃) | ကျော်မင်းနိုင် | ကြည်း ၇၁၄၁၅ |
| (၈၄) | ကောင်းခန့်ကျော် | ကြည်း ၇၁၄၁၆ |
| (၈၅) | စစ်ရန်နိုင် | ကြည်း ၇၁၄၁၇ |
| (၈၆) | ခန့်အောင်ဇော် | ကြည်း ၇၁၄၁၈ |
| (၈၇) | ပိုင်သက်ကို | ကြည်း ၇၁၄၁၉ |
| (၈၈) | ထက်ဝေယံလှိုင် | ကြည်း ၇၁၄၂၀ |
| (၈၉) | သန့်ဇင် | ကြည်း ၇၁၄၂၁ |
| (၉၀) | ထင်လင်းသူ | ကြည်း ၇၁၄၂၂ |
| (၉၁) | ကျော်မင်းခန့် | ကြည်း ၇၁၄၂၃ |
| (၉၂) | အောင်မြင့်ဟန် | ကြည်း ၇၁၄၂၄ |
| (၉၃) | ထက်နိုင်မိုး | ကြည်း ၇၁၄၂၅ |
| (၉၄) | အောင်အောင်ဆက် | ကြည်း ၇၁၄၂၆ |
| (၉၅) | ရဲထက်အောင် | ကြည်း ၇၁၄၂၇ |
| (၉၆) | ကောင်းသက်အောင် | ကြည်း ၇၁၄၂၈ |
| (၉၇) | သွင်ထူးအောင် | ကြည်း ၇၁၄၂၉ |
| (၉၈) | ခိုင်မိုးထွန်း | ကြည်း ၇၁၄၃၀ |
| (၉၉) | ရဲကိုကိုအောင် | ကြည်း ၇၁၄၃၁ |
| (၁၀၀) | အောင်ခန့်သူ | ကြည်း ၇၁၄၃၂ |
| (၁၀၁) | မြတ်မင်းခန့် | ကြည်း ၇၁၄၃၃ |
| (၁၀၂) | ကျော်ကိုဆွေ | ကြည်း ၇၁၄၃၄ |
| (၁၀၃) | စိုးပြည့်ကျော် | ကြည်း ၇၁၄၃၅ |
| (၁၀၄) | ထင်ကျော်စိုး | ကြည်း ၇၁၄၃၆ |
| (၁၀၅) | ချမ်းငြိမ်းဆွေ | ကြည်း ၇၁၄၃၇ |
| (၁၀၆) | အောင်ဖြိုးကျော် | ကြည်း ၇၁၄၃၈ |
| (၁၀၇) | ဝေမင်းဦး | ကြည်း ၇၁၄၃၉ |
| (၁၀၈) | အောင်မင်းထက် | ကြည်း ၇၁၄၄၀ |
| (၁၀၉) | ဝင်းမင်းလတ် | ကြည်း ၇၁၄၄၁ |
| (၁၁၀) | ကောင်းဇော်ဟိန်း | ကြည်း ၇၁၄၄၂ |

| | |
|---|---|
| (၁၁၁) ဟိန်းသွင်မော် | ကြည်း ၇၁၄၄၃ |
| (၁၁၂) စွမ်းထက်ဇော် | ကြည်း ၇၁၄၄၄ |
| (၁၁၃) ကျော်ဇင်ထွန်း | ကြည်း ၇၁၄၄၅ |
| (၁၁၄) စိုးငြိမ်းဇော် | ကြည်း ၇၁၄၄၆ |
| (၁၁၅) သော်ဇင်အောင် | ကြည်း ၇၁၄၄၇ |
| (၁၁၆) ဝင်းနိုင်ဦး | ကြည်း ၇၁၄၄၈ |
| (၁၁၇) စိုပြေလွင် | ကြည်း ၇၁၄၄၉ |
| (၁၁၈) နေမျိုးအောင် | ကြည်း ၇၁၄၅၀ |
| (၁၁၉) ထွန်းလင်းနိုင် | ကြည်း ၇၁၄၅၁ |
| (၁၂၀) ထူးခန့် | ကြည်း ၇၁၄၅၂ |
| (၁၂၁) ခိုင်မင်းဦး | ကြည်း ၇၁၄၅၃ |
| (၁၂၂) မင်းကိုဦး | ကြည်း ၇၁၄၅၄ |
| (၁၂၃) ဇော်ထက်အောင် | ကြည်း ၇၁၄၅၅ |
| (၁၂၄) ဟိန်းဝေစိုး | ကြည်း ၇၁၄၅၆ |
| (၁၂၅) အောင်ကို | ကြည်း ၇၁၄၅၇ |
| (၁၂၆) ဝေယံမိုးထွဋ် | ကြည်း ၇၁၄၅၈ |
| (၁၂၇) စောအဲကွီ | ကြည်း ၇၁၄၅၉ |
| (၁၂၈) ရဲရင့်အောင် | ကြည်း ၇၁၄၆၀ |
| (၁၂၉) ထင်လင်းဦး | ကြည်း ၇၁၄၆၁ |
| (၁၃၀) ရဲကျော်ထွဋ် | ကြည်း ၇၁၄၆၂ |
| (၁၃၁) ဝေဖြိုး | ကြည်း ၇၁၄၆၃ |
| (၁၃၂) အောင်ဖြိုးသူ | ကြည်း ၇၁၄၆၄ |
| (၁၃၃) နေမျိုးအောင် | ကြည်း ၇၁၄၆၅ |
| (၁၃၄) ဇော်ရဲအောင် | ကြည်း ၇၁၄၆၆ |
| (၁၃၅) ထက်လှိုင်တိုး | ကြည်း ၇၁၄၆၇ |
| (၁၃၆) ဝင်းလွင်ဦး | ကြည်း ၇၁၄၆၈ |
| (၁၃၇) ဆန်းမင်းထိုက် | ကြည်း ၇၁၄၆၉ |
| (၁၃၈) ကျော်ဇောလင်း | ကြည်း ၇၁၄၇၀ |
| (၁၃၉) ဇင်မင်းထိုက် | ကြည်း ၇၁၄၇၁ |
| (၁၄၀) ဘုန်းခန့်ကျော် | ကြည်း ၇၁၄၇၂ |
| (၁၄၁) အောင်သူဟိန်း | ကြည်း ၇၁၄၇၃ |
| (၁၄၂) ဇေယျာဝင်းထွဋ် | ကြည်း ၇၁၄၇၄ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးလူအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်<br>( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက် ) | **သောကြာနေ့** |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

### ရွှေစင်ဝင်းဝါ ကုမ္ပဏီလီမိတက်

### (Shwe Sin Win War Company Limited)

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် ကြော်ငြာခြင်း

၁။ **ရွှေစင်ဝင်းဝါ ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် ၆-၁-၂၀၁၇ နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းရေးအရာရှိအဖြစ် ဦးလှိုင်မြင့် (တရားလွှတ်တော်ရှေ့နေ) အမှတ် (၅၀)၊ အခန်း (ဘီ/၃၀)၊ ပထမထပ်၊ ဘဏ်လမ်း၊ (၁) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှရရန်နှင့်ပေးရန်ရှိသည်များကို ၆-၂-၂၀၁၇ ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးတင်မိုး | ဦးလှိုင်မြင့် |
| မန်နေးဂျင်းဒါရိုက်တာ | (တရားလွှတ်တော်ရှေ့နေ) |
| ရွှေစင်ဝင်းဝါ ကုမ္ပဏီလီမိတက် | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ဒါရိုက်တာအဖွဲ့ (ကိုယ်စား) | ဖုန်း- ၀၉-၇၃၀၄၅၆၆၅ |

### IN THE MATTER OF THE MYANMAR COMPANIES ACT
### AND
### JALUX INC. (YANGON REPRESENTATIVE OFFICE)

#### NOTICE FOR VOLUNTARY WINDING UP FOR FINAL MEETING NOTICE

According with The Myanmar Companies Act under Section 208 (1), notice of Final Meeting for Winding-up of the shareholders of the representative office held at its Registered Office at No.(27), Thunandar Street, Thu Mingalar Villa (1), Sa / Thu Mingalar Ward, Thingangyun Township, Yangon, Myanmar at 9: 00 AM on 11-2-2017.

Daw Tin Win Yu
Liquidator
FAMAT GROUP

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၈ (င) အရ ကြေညာစာ

**ယူနီတီး (မ်) တိုး (စ်) အင် (န်) ထရယ်ဗဲ (လ်) (စ်) လီမိတက်**

**(Uniteam Tours and Travels Limited)**

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေးဖိတ်ကြားစာ

အထက်ပါကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃) ရက်၊ နံနက် (၉း၀၀) နာရီအချိန်တွင် အမှတ် (၈၄)၊ ပန်းလှိုင်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်၊

၂။ ၎င်းနှင့်ပတ်သက်သည့်အချက်အလက်များရှင်းပြရန်။

ခင်စောယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၄၉/၅၁၊ (၇-လွှာ)၊ ၂ လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၈ (င) အရ ကြေညာစာ

**ညီညွတ်သောအုပ်စု ကမ်းလွန်ဆောင်ရွက်မှုများ လီမိတက်**

**(Uniteam Offshore Solutions Limited)**

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေးဖိတ်ကြားစာ

အထက်ပါကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃) ရက်၊ နံနက် (၉း၀၀) နာရီအချိန်တွင် အမှတ် (၈၄)၊ ပန်းလှိုင်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်၊

၂။ ၎င်းနှင့်ပတ်သက်သည့်အချက်အလက်များရှင်းပြရန်။

ခင်စောယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၄၉/၅၁၊ (၇-လွှာ)၊ ၂ လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ပ၊ ထ၊ န - အမှတ် ၆၆၃/၁၆/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၂၀၀/၁၃-၁-၂၀၁၇။